# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 9 February 2026 ၁၂၀၈၈

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့★

**ယနေ့ ဖတ်စရာ**

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ**
စာမျက်နှာ » ၈

**တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် အခြေခံကျသောအဖွဲ့များဖြစ်၍ စာပေယဉ်ကျေးမှုဘာသာစကားတို့ကို အပြန်အလှန် လေးစားကြရမည်**
စာမျက်နှာ » ၉

**နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်အခြေပြု အမည်သစ်အစားအစာများ ထုတ်လုပ်စို့**
ဆောင်းပါး စာမျက်နှာ » ၁၀

# နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်

(၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် ရွှေတံဆိပ် ၂၆ ခု၊ ငွေတံဆိပ် ၄၇ ခု၊ ကြေးတံဆိပ် ၇၇ ခု စုစုပေါင်း ဆုတံဆိပ် ၁၅၀ ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အုပ်ချုပ်/နည်းပြအဖွဲ့ ၂၈ ဖွဲ့အတွက် နိုင်ငံတော်က စုစုပေါင်းသိန်းပေါင်း ငွေကျပ် ၃၆၆၉၀ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲအသီးသီးတွင် အားကြိုးမာန်တက်ယှဉ်ပြိုင်ခဲ့ကြသူများအား တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိသူအား ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိသူအား ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိသူအား ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးအား ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိကြသည့် အသင်းသားတစ်ဦးအား ကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးအား ကျပ် ၃၅ သိန်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများကို ရွှေတံဆိပ်အတွက် နည်းပြတစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်အတွက် ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်အတွက် ကျပ်သိန်း ၃၀ စီနှင့် အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များအားလည်း ရွှေတံဆိပ်အတွက် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်အတွက် ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်အတွက် ကျပ်သိန်း ၃၀ စီ ဂုဏ်ပြုချီးမြှင့်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "ယခုကဲ့သို့ အားကစားပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကိုအားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံလွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများလည်း ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူ နည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင်ဖြစ်ကြောင်း"ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့များက နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆုများရရှိအောင် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြသဖြင့် နိုင်ငံတကာအလယ်တွင် မြန်မာ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပေးနိုင်ခဲ့သလို ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်အစိုးရက ထိုက်ထိုက်တန်တန် ပြန်လည်ဂုဏ်ပြုချီးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။ အားကစားအဖွဲ့ချုပ်များနှင့် အားကစားမောင်မယ်များအနေဖြင့် ယခုကဲ့သို့ အားကစားနည်းအလိုက် ယှဉ်ပြိုင်ခဲ့ကြသည့်အပေါ်တွင် အားသာချက်၊ အားနည်းချက်များကို ထုတ်ဖော်၍ နောင်လာမည့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး တံဆိပ်ဆုများ ပိုမိုဆောင်ကြဉ်းပေးနိုင်မည့် စိတ်ဓာတ်ခွန်အား တွန်းအားများ တိုးပွားလာမည်ဟု ယုံကြည်သည်။

နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍ မြင့်မားတိုးတက်လာအောင် အဘက်ဘက်တွင် အားပေးမြှင့်တင် ဖြည့်ဆည်းပေးလျက်ရှိရာ မျက်မှောက်ကာလတွင် ယခင်ကာလများနှင့်မတူ အားကစားနည်းအလိုက် တိုးတက်အောင်မြင်မှုများ ရရှိလာသည်ကို တွေ့ရသည်။ အချို့အားကစားနည်းများတွင် တစ်ဦးမကျန် ရွှေတံဆိပ်ဆုများ ထူးထူးခြားခြားရရှိခဲ့သည်ကို တွေ့ရသကဲ့သို့ အချို့အားကစားနည်းများတွင် ရွှေတံဆိပ်ဆုများ မရရှိခဲ့သော်လည်း ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် အမြင့်ဆုံး အကောင်းဆုံး ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရသည်။ အချို့ပြိုင်ပွဲများတွင် တစ်ဖက်အသင်းနှင့် အစွမ်းအစကွာခြားမှု ကြီးကြီးမားမားမရှိဘဲ အခြေအနေအရ လွဲချော်ခဲ့သည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ မြန်မာအားကစားအဖွဲ့များသည် နိုင်ငံတော်၏ အားပေးမြှင့်တင် ဂုဏ်ပြုချီးမြှင့်ပေးမှုများဖြင့် စိတ်ဓာတ်ခွန်အားများ မြင့်မားခိုင်ကျည်ကြကာ ရွှေတံဆိပ်မရရှိခဲ့သော အားကစားနည်းတွင် အားနည်းချက်များကိုရှာဖွေ၍ ဆက်လက်မြှင့်တင်ကြိုးစားကြပြီး ရွှေတံဆိပ်ဆုများရရှိခဲ့သည့် အားကစားအဖွဲ့များအနေဖြင့် ယခုထက် ပိုမိုအောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးပမ်းကြကာ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြင့်မားတိုးတက်လာအောင် မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၇)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန် နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲ ဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များနှင့် ဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကြားမှ နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းစသည့် ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ထိုသို့ထူးကဲသော ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က **ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor Of Public Administration (D.P.A . honoris causa)** ကို ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် အပ်နှင်းခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ၏ အမျိုးသားရေးအသင်းကြီးဖြစ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။**

**၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။**

**၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။**

**၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။**

**၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။**

## အသိပေးနှိုးဆော်ချက်

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၂၆ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂-၂-၂၀၂၆ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ၈ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

★ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီ ဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီ ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲ များ၊ အသင်းအဖွဲ့များနှင့် ပြခန်း တာဝန်ခံများ၊ တိုင်းရင်းသား ယဉ်ကျေးမှု အကအဖွဲ့များ၊ အထူး ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနား ကျင်းပမည့်နေရာသို့ ရောက်ရှိကြ ရာ တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြ သည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးချစ်ဆွေ နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် (၇၉) နှစ် မြောက် ပြည်ထောင်စုနေ့အထိမ်း အမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေး ရောင်းပွဲတော်အခမ်းအနား မုခ်ဦး အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကယားပြည်နယ်၏ ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနားတက် ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက်ပြည်ထောင်စု နေ့အထိမ်းအမှတ် ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ဂုဏ်ပြုတေးသီချင်း ဖြစ်သည့် “စက်မှုကုန်စည်ပြပွဲဆီ” သီချင်း နှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၏ ကပြ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှု အားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနား တက် ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ် ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြည်ထောင်စုဝန်ကြီးဌာန ပြခန်း များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် ဒေသထွက်ကုန် ပစ္စည်းများပြခန်းနှင့် အရောင်း ပြခန်းများ၊ MSME လုပ်ငန်းရှင် များ၏ MSME ထုတ်ကုန်ပြခန်း များအား ပြခန်းတစ်ခုချင်းစီ အလိုက် စိတ်ပါဝင်စားစွာ ရင်းရင်း နှီးနှီး လိုက်လံကြည့်ရှုလေ့လာကြ ပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်း တင်ပြမှုများအပေါ် သိရှိလိုသည် များ ပြန်လည်မေးမြန်းဆွေးနွေး သည်။ စာမျက်နှာ ၄ သို့ ★



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြ သည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲကို ယနေ့ညနေပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး Banquet Hall ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကား ပြောကြားခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် လူမျိုးသုဉ်းစေမှု Genocide ဖြင့် စွဲဆိုထားသည့် အမှုကို နောက်ဆုံးအပြန်အလှန်နှုတ်ဖြင့်လျှောက်လဲချက် ကြားနာစစ်ဆေးမှု Oral Hearing ၌ မြန်မာနိုင်ငံဘက်မှ သွားရောက်ရင်ဆိုင်လျှောက်လဲခဲ့ကြသည့် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ကို မြန်မာတစ်နိုင်ငံလုံးရှိပြည်သူလူထုက သောင်းသောင်းဖြဖြ ထောက်ခံအားပေး ဂုဏ်ပြုကြိုဆိုခဲ့ကြသည့်နည်းတူ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်ကိုကိုယ်စားပြုပြီး ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုကြိုဆိုခြင်းပင်ဖြစ်ကြောင်း။

**ရွေးချယ်ခန့်အပ်တာဝန်ပေး**

အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံမှ ၂၀၁၉ ခုနှစ်တွင် စတင်စွဲဆိုခဲ့သည့် ယင်းအမှုသည်ခြောက်နှစ်ကျော်ကြာမြင့်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၌ အမှုကြားနာစစ်ဆေးသည့် Merit အဆင့်ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူခဲ့ပြီးနောက် အမှုကိစ္စနှင့်ပတ်သက်၍ အစိုးရများနှင့် သက်ဆိုင်သည့် နိုင်ငံတကာဥပဒေ Public International Law အရ ရှေ့က အစိုးရ၏ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းနှင့် ကတိကဝတ်များကို ယေဘုယျအားဖြင့် ဆက်ခံရမည့် Succession of State တာဝန်ရှိမှုနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ ဆက်ခံဆောင်ရွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာတရားရုံးက ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် စတင်ဆက်သွယ်လာခဲ့ပြီးသည့်နောက် မိမိတို့အစိုးရအနေဖြင့် ယင်းအမှုကို ဆက်ခံဆောင်ရွက်သင့်၊ မသင့် တာဝန်ရှိသူများအကြား အကျေအလည် ဆွေးနွေးခဲ့ကြပြီးနောက် ထိုအချိန်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေး အခြေအနေများအရ ယင်းအမှုကို ဆက်လက်ပြီး တာဝန်ယူ ဆောင်ရွက်သင့်သည်ဟုဆုံးဖြတ်ခဲ့ပြီး တာဝန်ခံဆောင်ရွက်မည့် Agent နှင့် Alternate Agent ကိုယ်စားလှယ်နှစ်ဦးကို ရွေးချယ်ခန့်အပ်တာဝန်ပေးခဲ့ကြောင်း။

**စာမျက်နှာ ၅ သို့ ❖**

★ စာမျက်နှာ ၃ မှ

အဆိုပါ ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေး မြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကို လျှော့ချရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းစီးပွားရေး ကောင်းမွန်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်းပေါ်များလာစေရန်၊ ဒေသအလိုက်ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) အစီအစဉ်

> ❝ **စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဇဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်** ❞

များ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှု သက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ ယဉ်ကျေးမှုများ၊ ဗဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက် ချိတ်ဆက်နိုင်မှု၊ ပြည်တွင်း ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက် ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း။

**လေ့လာဝယ်ယူနိုင်**

ယခု ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊




နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံး စက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းနှင့် ကုန်ထုတ် သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး လျှပ်စစ်သုံး မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်/သုံးဘီးဆိုင်ကယ် ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ ကုမ္ပဏီပြခန်းများ အပါအဝင် စုစုပေါင်းပြခန်းပေါင်း ၁၂၀ ကျော်ကို ပြသရောင်းချလျက်ရှိကြောင်းနှင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော် ကာလအတွင်း နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**“ဥပဒေပိုင်းဆိုင်ရာတွင်လည်း ယင်းအမှုမှ နိုင်ငံတကာအဆင့် အတွေ့အကြုံများရရှိခဲ့ပြီး မိမိနိုင်ငံအတွက် ဥပဒေကြောင်းအရ အလားတူထိုးနှက်တိုက်ခိုက်လာခြင်းမျိုး ထပ်မံရှိလာပါက မည်ကဲ့သို့ အကောင်းဆုံးပြင်ဆင်သွားမည်ဟူသည့် အသိအမြင်ဗဟုသုတများရရှိနိုင်ခဲ့သည်မှာလည်း အဆိုးထဲက အမြတ်တစ်ခုဟု ဆိုရမည်”**

❖ စာမျက်နှာ ၄ မှ

အဆိုပါကာလက နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေး အခြေအနေကို ပြန်ပြောင်းလေ့လာမည်ဆိုပါက မြန်မာနိုင်ငံအတွက် ပြည်တွင်း ပြည်ပ ဖိအားများနှင့် စိန်ခေါ်မှုများ များပြားနေခဲ့သည့် အချိန်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံ အဖွဲ့အစည်းများတွင် မိမိတို့အစိုးရကို တရားဝင် အသိအမှတ်ပြုရန် တွန့်ဆုတ်နေခဲ့ကြပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၌ပါ မြန်မာအမြဲတမ်းကိုယ်စားလှယ် အနေဖြင့် သစ္စာဖောက် ဘက်ပြောင်းသွားသည့်အတွက် နိုင်ငံတကာစင်မြင့်၌ ပြောရေးဆိုခွင့် ဆုံးရှုံးနေရသည့် အချိန်ဖြစ်ကြောင်း၊ အလားတူ အာဆီယံတွင်လည်း မြန်မာအစိုးရခေါင်းဆောင်များကို နိုင်ငံရေးအရ ဘေးဖယ်ထားခြင်း ခံရသည့် အချိန်လည်းဖြစ်ကြောင်း။

ပြည်တွင်း၌လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြင်းထန်ပျံ့နှံ့နေသကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့်ဆူပူမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြင်းထန်နေခဲ့သည့်အချိန်လည်း ဖြစ်ကြောင်း၊ ထိုကဲ့သို့အချိန်ကာလတွင် ယင်းအမှုကိုဆက်ခံပြီး ဆောင်ရွက်ပါက ဖြစ်လာနိုင်သည့် အလားအလာကို အကောင်းအဆိုး အကျိုးအပြစ်များကို လေ့လာချိန်ဆပြီးမှ ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆုံးဖြတ်ရသည့် အဓိက အကြောင်းရင်းမှာ အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် မြန်မာဘက်က ဆက်ခံဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ အမှုကိစ္စကို တရားပြိုင်ဘက်က မပါဝင်ဘဲလည်း တစ်ဖက်သတ် စစ်ဆေးသွားနိုင်ပါကြောင်း၊ ထိုကဲ့သို့ တစ်ဖက်သတ်စစ်ဆေးခဲ့ပါက တစ်ဖက်သတ် အချက်အလက်များကိုသာ ရယူစစ်ဆေးမည်ဖြစ်၍ မလိုလားအပ်သည်များ ဖြစ်လာနိုင်ကြောင်း၊ ထိုသို့ဆိုပါက မြန်မာနိုင်ငံအနေဖြင့် သမိုင်းတစ်လျှောက် ဖျောက်မရသည့် ဂုဏ်သိက္ခာ အမည်းစက်ကြီး စွန်းထင်သွားမည်ဖြစ်သကဲ့သို့ နောက်ဆက်တွဲအနေဖြင့် အခြားမလိုလားအပ်သည့်ကိစ္စများ ဆက်လက်တွဲပါလာနိုင်ကြောင်း၊ ထို့ကြောင့် ယင်းအချိန်ကာလ အခြေအနေများအရ အကောင်းဆုံးဖြေရှင်းချက်အဖြစ် အဆိုပါနည်းလမ်းကို ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မိမိတို့ဘက်က အဆင့်ဆင့်တရားရင်ဆိုင်ရတော့မည်ဆိုပါက အကောင်းဆုံးပြင်ဆင်နိုင်ရေးအတွက် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ ဥပဒေရေးရာ၊ လူဝင်မှုကြီးကြပ်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး စသည့် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားရင်ဆိုင်ရေးဆိုင်ရာ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခဲ့ကြောင်း။

ဥပဒေအထောက်အကူပြုအနေဖြင့်လည်း ပြည်တွင်းက ဝါရင့် ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်များ ရယူခဲ့သကဲ့သို့ နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း ယင်းအမှုတွင် လိုက်ပါဆောင်ရွက်ရန် ငှားရမ်းဖွဲ့စည်းခဲ့ရကြောင်း၊ ထို့အပြင် သမိုင်းကြောင်း အချက်အလက်များ ပြည့်စုံမှန်ကန်စွာရရှိနိုင်ရေးအတွက် ရခိုင်သမိုင်းဆိုင်ရာ ပြည်ပကျွမ်းကျင်ပညာရှင်တစ်ဦးကိုပါ ငှားရမ်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ စနစ်တကျဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် မူလချမှတ်ထားသည့် မဟာဗျူဟာအတိုင်း အချိန်အလုံအလောက်ရရှိခဲ့ပြီး အမှုအတွက် ပြင်ဆင်မှုလုပ်ငန်းများကိုလည်း ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**✧ ယင်းအမှုကိစ္စသည် မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုမှ မြန်မာနိုင်ငံအနေဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရ**

**✧ ယင်းအကျိုးအမြတ်များအနက် အရေးအကြီးဆုံးအချက်တစ်ရပ်မှာ “အရေးကြီးပြီ သွေးစည်းကြစို့” ဟူသည့်အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့် ယခုအမှုအပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံး လက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝထောက်ခံရပ်တည်ခဲ့ကြသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု၏သာဓကတစ်ရပ်ရရှိခဲ့သည်ဟု ဆိုရမည်**

ယင်းအမှု စစ်ဆေးကြားနာမှု၏ နောက်ဆုံးအဆင့်ဖြစ်သည့် နှုတ်ဖြင့် စစ်ဆေးကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ကျင်းပခဲ့ရာတွင် မိမိတို့ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြည့်စုံသည့် ကြိုတင်ပြင်ဆင်မှုများ ရှိခဲ့သောကြောင့် ခိုင်မာအားကောင်းစွာ ကာကွယ်ချေပ လျှောက်လဲနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့အတွက်လည်း မိမိတို့၏ အေးဂျင့်နှစ်ဦး ခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း။

အမှန်ဆိုပါက အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံက ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် ယခုအမှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့ကို စွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို စွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ ပြည်သူလူထုနှင့် နိုင်ငံအစိုးရတို့ အပါအဝင် တစ်နိုင်ငံလုံးကို တရားပြိုင်အဖြစ် စွဲဆိုတာဖြစ်သဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် တိုက်ရိုက်ပတ်သက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအတွက် အထူးအရေးပါသည့် ကိစ္စတစ်ရပ်လည်း ဖြစ်ကြောင်း။

ယခုအမှုတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဥပဒေကြောင်းဆိုင်ရာအရ လည်းကောင်း၊ အချက်အလက်ပိုင်းဆိုင်ရာ အရလည်းကောင်း ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ရပ်တည်ချေပ လျှောက်လဲနိုင်ခဲ့ကြောင်း သိရှိရသည့်အတွက်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တကွ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် သက်ဆိုင်ရာ ဌာနအားလုံးကို နိုင်ငံတော်အနေဖြင့် အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ယင်းအမှုကိစ္စသည် မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုမှ မြန်မာနိုင်ငံအနေဖြင့်အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ယင်းအကျိုးအမြတ်များအနက် အရေးအကြီးဆုံးအချက်တစ်ရပ်မှာ **“အရေးကြီးပြီ သွေးစည်းကြစို့”** ဟူသည့် အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့် ယခုအမှုအပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံး လက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝထောက်ခံရပ်တည်ခဲ့ကြသည့်အတွက် အမျိုးသား စည်းလုံးညီညွတ်မှု၏ သာဓက တစ်ရပ်ရရှိခဲ့သည်ဟု ဆိုရမည် ဖြစ်ကြောင်း။



အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကျေးဇူးတင်စကားပြောကြားစဉ်။

နောက်ထပ် အကျိုးအမြတ် တစ်ခုအနေဖြင့် နှစ်ပေါင်းများစွာ ရှိနေခဲ့သည့် ရခိုင်ပြည်နယ် မြောက်ပိုင်းပြဿနာ၏ အရင်းအမြစ်တစ်ခုဖြစ်သည့် နိုင်ငံရေးအရ လုပ်ကြံဖန်တီးထားသည့် အမည်အမှတ် သရုပ်လက္ခဏာ တစ်ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို နိုင်ငံတကာစင်မြင့်တွင် အထောက်အထားအခိုင်အမာဖြင့် တင်ပြခွင့်ရခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် ဥပဒေပိုင်းဆိုင်ရာတွင်လည်း ယင်းအမှုမှ နိုင်ငံတကာအဆင့် အတွေ့အကြုံများ ရရှိခဲ့ပြီး မိမိနိုင်ငံအတွက် ဥပဒေကြောင်းအရ အလားတူထိုးနှက်တိုက်ခိုက်လာခြင်းမျိုး ထပ်မံရှိလာပါက မည်ကဲ့သို့အကောင်းဆုံး ပြင်ဆင်သွားမည်ဟူသည့် အသိအမြင်ဗဟုသုတများရရှိနိုင်ခဲ့သည်မှာလည်း အဆိုးထဲကအမြတ်တစ်ခုဟုဆိုရမည်ဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် ICJ အနေဖြင့် မည်ကဲ့သို့သော ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယခုအမှုကိစ္စနှင့်ပတ်သက်၍ ကိစ္စကြီးငယ် မခွဲခြားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့်(ခြင်္သေ့က သားကောင်ကို လိုက်သည့်ဥပမာကဲ့သို့) စနစ်တကျ ပြင်ဆင်၍ အင်ပြည့်အားပြည့်ဖြင့် ဆောင်ရွက်ခဲ့သည့် အတွက်ကြောင့် ယခုကဲ့သို့အခြေအနေမျိုး အထိ ရောက်လာနိုင်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှစ်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

မည်သို့ပင်ဖြစ်စေ နိုင်ငံငယ်များအနေဖြင့် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေကြရသည့် မျက်မှောက်ခေတ်အင်အား နိုင်ငံရေးနိုင်ငံတကာအခင်းအကျင်းတွင် မည်ကဲ့သို့စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရသည်ဖြစ်စေ မိမိတို့နိုင်ငံ၏အသက်အမျှအရေးပါသည့် အကျိုးစီးပွားများ ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားပြည်သူလူထုတို့အကြား ယခုဖြစ်စဉ်မှာကဲ့သို့ပင် အတူတကွ စည်းလုံးညီညွတ်စွာ လက်တွဲစောင့်ရှောက် ကာကွယ်သွားကြရေးအမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ခံယူလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)၌ တရားရင်ဆိုင် ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့်အချက်အလက်များ စုဆောင်းခြင်း၊ ဖြစ်စဉ်ဖြစ်ရပ်မှန်များနှင့် သမိုင်းကြောင်းအချက်အလက်များ ပြည့်စုံစွာရရှိစေရေး ဆောင်ရွက်ခြင်း၊ ပြည်တွင်းမှ ဝါရင့် ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့ ဖွဲ့စည်း၍ ဥပဒေပိုင်းဆိုင်ရာအကြံဉာဏ်များ ရယူခြင်း၊ အမှုတွင်လိုက်ပါဆောင်ရွက်နိုင်ရေး နိုင်ငံတကာရှေ့နေ အဖွဲ့နှင့် သမိုင်းဆိုင်ရာပညာရှင် တစ်ဦး ငှားရမ်းဖွဲ့စည်းခြင်းတို့ကို စနစ်တကျဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကြား ဖြည့်ဆည်းမှုများနှင့် အတူ အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုမှု အပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့ခြင်း၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများအကြားမှ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ပြီး သံတမန်ဆက်ဆံရေးနည်းလမ်းများကို ဖော်ဆောင်နိုင်ခဲ့ခြင်း၊ မြန်မာ့နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ဆောင်ရွက်ချက်သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် စိန်ခေါ်မှုများအကြားမှ ပြည်သူများ အထူးလိုလားတောင့်တမျှော်လင့်လျက်ရှိသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) အနေဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)**

# မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီ ၅ ရက်တွင် ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ပြီး ထိုသို့ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးစည်ပင်သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်ခိုင်မာအောင် ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများ၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့်စိန်ခေါ်မှုများစွာကို အခက်အခဲအကျပ်အတည်းများကြားမှ နိုင်ငံတော်ကိုဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သကဲ့သို့ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**



## ကျိုင်းတုံမြို့၌ ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း နည်းပညာဆွေးနွေး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း နည်းပညာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က စိုက်ပျိုးရေးဦးစီးဌာန ကျိုင်းတုံပိုးစာခြံတွင် ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးမျိုးဇော်နှင့် ရှမ်းပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်းတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်အေးမိမိစိုးက ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးမွေးမြူခြင်းနည်းစနစ်များနှင့် ဒေသခံတောင်သူများရရှိနိုင်သည့် အကျိုးကျေးဇူးများကို ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးမျိုးဇော်သည် ကျိုင်းတုံခရိုင်အတွင်းမှ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် (၂) ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး (စက်မှုလယ်ယာဦးစီးဌာန)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့ ရေစင်ကွင်းဈေးအတွင်း စာသောက်ကုန်များရောင်းချမှုစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၈**

ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကော်မတီဝင်များက ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ရေစင်ကွင်းဈေးအတွင်းရှိ ဈေးဆိုင်များအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ပြည်နယ်တာဝန်ခံ ဒေါက်တာသီဟအောင် ဦးဆောင်၍ တာဝန်ရှိသူများ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီအဖွဲ့ဝင်များက ရေစင်ကွင်းဈေးအတွင်းရှိ ဈေးဆိုင်များ၌ ရောင်းချလျက်ရှိသော အစားအသောက်များတွင် သက်တမ်းလွန် အစားအသောက်များနှင့် စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချနေခြင်း ရှိမရှိတို့အပြင် အများပြည်သူစားသုံးမှုများသည့် အစားအသောက်များဖြစ်သော အစားအသောက်နမူနာ ၁၆ မျိုးကို ကောက်ယူ၍ Mobile Laboratory Van ပေါ်တွင် rapid test ဖြင့် ခတ်ခွဲစစ်ဆေးခြင်းနှင့် အစားအသောက်များ ရောင်းချရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချနိုင်ရေး ဟောပြောခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နေပြည်တော်ဇေယျာသီရိမြို့နယ်၌ မျိုးစေ့ထုတ်နှင့် Rice Export Zone အကောင်အထည်ဖော်ဆောင်ရေး တောင်သူတွေ့ဆုံပွဲကျင်းပ

**ဓနုဖြူ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် Rice Export Zone နှင့် မျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်စွာ



အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စပါးစိုက်တောင်သူများအား တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ဇီးဖြူကုန်းကျေးရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မအူပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမိုးအောင်က Rice Export Zone အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံမျိုးစေ့အသင်းအမှုဆောင်ဒေါ်အတာမေက မျိုးစေ့ထုတ်လုပ်ခြင်းအကြောင်း ဆွေးနွေးပြောကြားပြီး Si Pwar Trading Co., Ltd.Managing Director ဒေါ်နော်ခင်ခင်က Rice Export Zone အကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့် တောင်သူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၃၃ / ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါတပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၂၅၈၁၄ | ဗိုလ်ချုပ် | ကျော်သူရအေး |
| (၂) | ကြည်း ၂၀၇၇၅ | ဗိုလ်မှူးချုပ် | လှမျိုး |
| (၃) | ကြည်း ၂၀၈၃၄ | ဗိုလ်မှူးချုပ် | ဝင်းကိုကို |
| (၄) | ကြည်း ၂၃၇၅၀ | ဗိုလ်မှူးချုပ် | အောင်အောင် |
| (၅) | ကြည်း ၂၆၁၁၄ | ဗိုလ်မှူးချုပ် | ထွန်းထွန်းနိုင် |
| (၆) | ကြည်း ၂၆၈၈၄ | ဗိုလ်မှူးချုပ် | သန်းထွန်းအောင် |
| (၇) | လေ ၁၉၆၂ | ဗိုလ်မှူးချုပ် | မြင့်သောင်း |
| (၈) | ကြည်း ၂၃၉၂၃ | ဗိုလ်မှူးကြီး | စိုးမိုးကျော် |
| (၉) | ကြည်း ၂၃၉၆၃ | ဗိုလ်မှူးကြီး | အောင်အောင်ဟိန်း |
| (၁၀) | ကြည်း ၂၅၀၇၇ | ဗိုလ်မှူးကြီး | စိုးမြင့်အောင် |
| (၁၁) | ကြည်း ၂၅၇၂၈ | ဗိုလ်မှူးကြီး | သက်ပိုင် |
| (၁၂) | ကြည်း ၂၅၇၈၀ | ဗိုလ်မှူးကြီး | တင်အောင်မြင့် |
| (၁၃) | ကြည်း ၂၅၈၆၃ | ဗိုလ်မှူးကြီး | လှိုင်ဝင်း |
| (၁၄) | ကြည်း ၂၆၁၈၁ | ဗိုလ်မှူးကြီး | ဆန်းသွင် |
| (၁၅) | ကြည်း ၂၆၇၆၃ | ဗိုလ်မှူးကြီး | ညီညီတင် |
| (၁၆) | ကြည်း ၂၆၇၇၁ | ဗိုလ်မှူးကြီး | စိုးရွှေ |
| (၁၇) | ကြည်း ၂၆၇၇၆ | ဗိုလ်မှူးကြီး | သက်ဇင်ထွန်း |
| (၁၈) | ကြည်း ၂၆၇၉၃ | ဗိုလ်မှူးကြီး | ဖြိုးမင်းဝင်း |
| (၁၉) | ကြည်း ၂၆၈၃၄ | ဗိုလ်မှူးကြီး | မင်းဇော် |
| (၂၀) | ကြည်း ၂၆၈၈၆ | ဗိုလ်မှူးကြီး | ဇော်မင်းထက် |
| (၂၁) | ကြည်း ၂၇၅၅၈ | ဗိုလ်မှူးကြီး | ခင်ဇော် |
| (၂၂) | ကြည်း ၂၈၁၉၅ | ဗိုလ်မှူးကြီး | မျိုးထွဋ်ဝင်း |
| (၂၃) | ကြည်း ၃၂၉၁၁ | ဗိုလ်မှူးကြီး | အောင်သိန်းလွင် |
| (၂၄) | ကြည်း ၂၇၃၅၆ | ဒုတိယဗိုလ်မှူးကြီး | ဝင်းသိန်း |
| (၂၅) | ကြည်း ၂၇၃၇၀ | ဒုတိယဗိုလ်မှူးကြီး | မောင်မောင်စိုး |
| (၂၆) | ကြည်း ၂၉၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမြင့်ထွန်း |
| (၂၇) | ကြည်း ၃၂၈၄၅ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ထွန်း |
| (၂၈) | ကြည်း ၃၃၅၁၈ | ဒုတိယဗိုလ်မှူးကြီး | မျိုးမောင်သိန်း |
| (၂၉) | ကြည်း ၂၃၀၄၈ | ဗိုလ်မှူး | ဇဝန |
| (၃၀) | ကြည်း ၂၈၄၇၇ | ဗိုလ်မှူး | သက်ထွန်းဦး |
| (၃၁) | ကြည်း ၃၂၄၃၂ | ဗိုလ်မှူး | ပြည်ထွန်း |
| (၃၂) | ကြည်း ၃၃၅၆၅ | ဗိုလ်မှူး | မျိုးမင်းသန့် |
| (၃၃) | ကြည်း ၃၄၇၁၁ | ဗိုလ်မှူး | တင့်လွင်အေး |
| (၃၄) | ကြည်း ၃၅၁၈၈ | ဗိုလ်မှူး | နိုင်ဝင်းလတ် |
| (၃၅) | ကြည်း ၃၆၃၁၃ | ဗိုလ်မှူး | သိန်းထိုက်ကျော် |
| (၃၆) | ကြည်း ၃၆၄၅၄ | ဗိုလ်မှူး | ကျော်ဇေယျာဝင်း |
| (၃၇) | ကြည်း ၃၆၅၁၈ | ဗိုလ်မှူး | ဇေယျာဝင်း |
| (၃၈) | ကြည်း ၃၉၁၈၇ | ဗိုလ်မှူး | သိန်းထွန်းကျော် |
| (၃၉) | ကြည်း ၃၉၂၂၄ | ဗိုလ်မှူး | ထက်လွင်ဦး |
| (၄၀) | ကြည်း ၄၁၂၀၅ | ဗိုလ်မှူး | ဖြိုးဝေအောင် |
| (၄၁) | ကြည်း ၄၃၀၀၄ | ဗိုလ်မှူး | ဇော်ဝင်းထွဋ် |
| (၄၂) | ကြည်း ၄၅၄၅၄ | ဗိုလ်မှူး | ဝင်းမင်းထွန်း |
| (၄၃) | ကြည်း ၄၇၇၆၁ | ဗိုလ်မှူး | ဇော်မင်းလတ် |
| (၄၄) | ကြည်း ၅၂၇၈၉ | ဗိုလ်မှူး | ကျော်ဇင်ဝင်း |
| (၄၅) | ရေ ၄၀၈၄ | ဗိုလ်မှူး | တင်ထွဋ် |
| (၄၆) | ရေ ၄၄၂၆ | ဗိုလ်မှူး | အောင်ခိုင်လင်း |
| (၄၇) | လေ ၃၂၁၄ | ဗိုလ်မှူး | နေထက်လင်း |
| (၄၈) | လေ ၃၃၀၅ | ဗိုလ်မှူး | သန်းထွန်းဦး |
| (၄၉) | အင်န် ၇၂၁ | ဗိုလ်မှူး | ဒေါ်မော်မော်သန်း |
| (၅၀) | ကြည်း ၅၄၈၄၃ | ဗိုလ်ကြီး | သက်အောင် |
| (၅၁) | ကြည်း ၆၇၅၀၁ | ဗိုလ်ကြီး | ဒေါ်ခင်ရတနာထင်အောင် |
| (၅၂) | ကြည်း ၆၇၅၀၉ | ဗိုလ်ကြီး | ဒေါ်ဖြူဖြူမောင် |
| (၅၃) | ကြည်း ၆၇၅၅၀ | ဗိုလ်ကြီး | ဒေါ်ဖြိုးဖြိုးဝေ |
| (၅၄) | ကြည်း ၆၉၃၅၄ | ဗိုလ်ကြီး | ခိုင်စိုးလင်း |
| (၅၅) | ကြည်း ၇၀၁၈၁ | ဗိုလ်ကြီး | ဒေါ်စုမြတ်ဝေ |
| (၅၆) | ကြည်း ၇၄၂၉၄ | ဗိုလ်ကြီး | ဒေါ်ဖြိုးသီရိမွန် |

( ပုံ )သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ကျုံပျော်မြို့၌ တိုင်းရင်းသားရေးရာ အသိပညာပေးလုပ်ငန်း ဆောင်ရွက်

ကျုံပျော် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက မြို့နယ်ရောမင်းခန်းမတွင် ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လူမှုဝန်ဆောင်မှု၊ တိုင်းရင်းသားရေးရာနှင့် TA/LT ခန့်ထားခြင်းဆိုင်ရာ ကိစ္စရပ်များပြောကြားပြီး တက်ရောက်လာသည့် ကရင်တိုင်းရင်းသားလူမျိုးများထံမှ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်စစ်တမ်းများ ကောက်ယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

အုတ်တွင်း ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဖေဖော်ဝါရီ ၆ ရက်နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း (အုတ်တွင်း)၌ ဖြန့်ဝေပေးသည်။



အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဦးတည်ချက်များ၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသူများ၊ မိန့်ခွန်းကောက်နုတ်ချက်များ၊ ဘိုမျိုး(ရွှေဘို) ရေးသားသည့် နှင်းရည်ဆွတ်ဖျန်း ပွင့်ပန်းစုံညီ(ကဗျာ)နှင့် ဆောင်ပုဒ်များ စသည့် အကြောင်းအရာများပါဝင်ပြီး အဆိုပါ သတင်းစကား လက်ကမ်းစာစောင်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်မှ အခမဲ့ထုတ်ဝေပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

**စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ**

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် အခြေခံကျသောအဖွဲ့များဖြစ်၍ စာပေယဉ်ကျေးမှုဘာသာစကားတို့ကို အပြန်အလှန် လေးစားကြရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များဖြစ်ကြသည့် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့၊ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ကချင်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ ထနော့စာပေနှင့် ယဉ်ကျေးမှုအသင်း၊ လီဆူစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ယင်းကြားစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ယင်းနက်စာပေနှင့် ယဉ်ကျေးမှုအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။



တွေ့ဆုံစဉ်တာဝန်ရှိသူများက တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုနှင့် စာပေဆောင်ရွက်နေမှု အခြေအနေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတွင် တိုင်းရင်းသားပေါင်းစုံ ရောယှက်လျက် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် နေထိုင်လျက်ရှိရာ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်စွာ ပေါင်းစည်း၍ အတူယှဉ်တွဲနေထိုင်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားတစ်မျိုးစီ၏ စာပေနှင့် ယဉ်ကျေးမှုသည် အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ ထိခိုက်မှုမရှိစေရေး ဂရုစိုက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် အခြေခံကျသောအဖွဲ့များဖြစ်၍ စာပေယဉ်ကျေးမှုဘာသာစကားတို့ကို အပြန်အလှန် လေးစားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတိုင်း နိုင်ငံတော်ကို ဗဟိုပြု၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိရာ ပြည်နယ်ဦးစီးမှူး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ယူနန်ပြည်နယ်မှ နေစွမ်းအင်သုံးလျှပ်စစ်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၏ "စိတ်ချင်းယှက်နွယ် ယူနန်ပြည်နယ်" အစီအစဉ်အရလှူဒါန်းသော နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်း လှူဒါန်းပြီးစီးသဖြင့် လုပ်ငန်းအပ်နှံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်အဆိုပါကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာဦးစီးဌာန နေပြည်တော် ပျဉ်းမနားခရိုင် ပညာရေးမှူး ဒေါ်မြင့်မြင့်အေး၊ အလှူရှင်များကိုယ်စား SUNSHINE ENERGY TECHNOLOGY CO.,LTD မှ MENG FEI (ခ) ဒေါ်ကြည်လင်းနှင့် INTERIM LIAISON OFFICE မှ FIRST SECRETARY ZHANG ZHONGHU တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြူကြူမြင့်ထံ နေစွမ်းအင်သုံး ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းပြီးစီးခြင်း စာရွက်စာတမ်းများနှင့် ဂုဏ်ပြုလွှာများကိုပေးအပ်ကြသည်။

ယင်းနောက် MYANMAR TRADE CENTRE (MTC) မှ ဦးဝင်းနောင်က လှူဒါန်းမှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများက ရတနာပုံသီချင်း၊ ထာဝရသစ္စာသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဦးအောင်ကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ အခမ်းအနားတွင် ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ ဆိုလာချပ်ရေ ၈၀၊ ဘက်ထရီ အင်ဗာတာသုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ပြီး ယင်းစီမံကိန်း၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ၉ ဒသမ ၂၄ ကီလိုဝပ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လက်ပံတန်းမြို့နယ်၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**လက်ပံတန်း ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (လက်ပံတန်း)တို့ ပူးပေါင်း၍စားသုံးသူကာကွယ်ရေး ဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက GTI ကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ လက်ပံတန်း GTI ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်မျိုးဝင်းက အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနိုင်လင်းထွန်းက စားသုံးသူကာကွယ်ရေး ဥပဒေ၊ စားသုံးသူ၏ အခွင့်အရေးများ၊ တာဝန်များ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ တိုင်ကြားနိုင်သည့် လုပ်ငန်းစဉ်နှင့် ပြစ်မှုပြစ်ဒဏ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့၌ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



**ပြင်ဦးလွင် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကိုဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ M Hostel ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးအောင်တင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းစစ်ကျော်က အသင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုမန်နေဂျာ ဒေါ်ရီရီသိန်းက အသင်း၏ဘဏ္ဍာရေးရှင်းတမ်းများကို အသေးစိတ်ရှင်းလင်းဖတ်ကြားကာ သဘာပတိက တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူပြီး တာဝန်ရှိသူများက အခြေခံသမဝါယမအသင်းများသို့ အစုပေါ်အမြတ်ငွေကျပ်သိန်း ၄၀ ကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ရောဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ်တွင် ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများက KTV ဆိုင်များအတွင်း မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားမှုများ စစ်ဆေးစဉ်။**

မြို့နယ်(ပြန်/ဆက်)



**သာစည်မြို့ မြို့ပေါ်ရပ်ကွက်များမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၆ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များက ရေဂါလန် ၃၁၉၀၀ ဆံ့ မြေပေါ်အုတ်မီးသတ်ရေလှောင်ကန် ရှစ်ခု၊ ရေဂါလန် ၁၆၅၀၀ ဆံ့ ရေစင်နှစ်ခုနှင့် ရေဂါလန် ၃၂၃၇၅၀ ဆံ့ မြေအောက်အုတ်ရေကန် ငါးခုတို့ကို စစ်ဆေးဆောင်ရွက်စဉ်။**

မြို့နယ်(ပြန်/ဆက်)



# နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်အခြေပြု အမည်သစ်အစားအစာများ ထုတ်လုပ်စို့

**မြန်မာနိုင်ငံတွင် ဆန်ကို ထမင်းအဖြစ် ချက်ပြုတ်စားသုံးသည့်အပြင် မြန်မာ့ရိုးရာအချိုပွဲများတည်ခင်းရာတွင် မုန့်မျိုးစုံကို ခုံခုံမင်မင်ပြုလုပ်၍လည်း စားသုံးကြပါသည်။ မြန်မာနိုင်ငံသည် ဆန်ထွက်ကောင်းသော နိုင်ငံဖြစ်သည့်အလျောက် ဆန်နှင့် ကောက်ညှင်းအခြေခံထား၍ အုန်း၊ သကြား၊ ထန်းလျက်၊ နှမ်း၊ မြေပဲ စသော ပြည်တွင်းထွက်သီးနှံတို့ကို အသုံးပြုကာ မုန့်အမျိုးမျိုး ပြုလုပ်လေ့ရှိကြပါသည်။**

ဒေါက်တာမော်နီစိုးထက်

ထူးခြားသော အသွင်အပြင်နှင့် အရသာအတွေ့အကြုံကို ပေးဆောင်သည့် သရေစာအစားအစာများကို စိတ်ဝင်စားမှုတိုးလာခဲ့သည်။ ဆန်၊ ကောက်ညှင်းတို့ဖြင့် ပြုလုပ်သော သရေစာများသည် ကျေနပ်ဖွယ်ကောင်းသော အရသာရှိပြီး ဘက်စုံသုံးနိုင်သည့်အတွက် သရေစာမုန့်များပြုလုပ်ရာတွင် ရွေးချယ်မှုအဖြစ် ရေပန်းစားလာခဲ့ပါသည်။ သရေစာအစားအစာများပေါ်တွင် ယင်း၏ အရသာ၊ အသွင်အပြင်နှင့် အမြင်အာရုံကိုမြှင့်တင်ရန် ပါဝင်ပစ္စည်းများကို ရောစပ်ခြင်း၊ ဖြူးခြင်း သို့မဟုတ် အလှဆင်ခြင်းလုပ်ငန်းများသည် ခေတ်စားလာပါသည်။ အလှဆင်ခြင်းလုပ်ငန်းများသည် သရေစာအမျိုးအစားနှင့် လိုချင်သောအရသာအပေါ်မူတည်၍ ကွဲပြားနိုင်ပါသည်။

ပုံမှန်စားသုံးနေကြသော ဆန်များသည် စပါးကို အခွံချွတ်ပြီးနောက် စား၍ရသော ဖွဲနုအလွှာတစ်ခုကို ထပ်မံဖယ်ရှားပြီး နောက်ဆုံးတွင် ဖြူဖွေးအောင် အကြိမ်ကြိမ်ဖွပ်ထားသော ဆန်များဖြစ်သည်။ ဆန်လုံးညို သို့မဟုတ် လုံးတီးဆန်မှာမူ ထိုသို့မဟုတ်ဘဲ အပေါ်ယံစပါးခွံကို ဖယ်ရှားပြီးနောက် အကြိမ်ကြိမ်မဖွပ်ဘဲ စားသုံးနိုင်သည့် အတိုင်းအတာအထိထားပြီး အပေါ်ယံဖွဲနုလွှာပါးကို မဖယ်ရှားထားသောဆန်ဖြစ်ပါသည်။ အကြိမ်ကြိမ်ဖွပ်ထားသောဆန်များသည် အပေါ်ယံလွှာရှိ အဖိုးတန်သတ္တုဓာတ်များ၊ သက်စောင့်ဓာတ်များနှင့် အမျှင်များစွာကုန်ဆုံးသွားကာ အာဟာရဓာတ်များ မပါရှိတော့ပါ။

ဆန်ဖြူများနှင့်မတူသော ဆန်လုံးညိုမှာ အပြင်ဘက်ဆုံးအလွှာရှိနေသောကြောင့် အာဟာရတန်ဖိုး အများအပြား ကပ်ငြိနေခြင်းပင်ဖြစ်ပါသည်။ အစားအစာများပြုလုပ်ရာတွင် အာဟာရတန်ဖိုးမြင့်မားစွာပါဝင်သည့် ဖွဲနုအလွှာသည် ဆန်ဖွပ်ခြင်းဖြင့် ဖယ်ထုတ်ခံရသောကြောင့် ဆန်ဖြူတွင် အာဟာရဓာတ်များ လျော့နည်းသွားပါသည်။ ဆန်ကြိတ်ခွဲခြင်းမှ ရရှိလာသောဖွဲနုကို တာရှည်ခံအောင် ပြုလုပ်ပြီး ယင်းတာရှည်ခံဖွဲနုနှင့် ဆန်လုံးညိုကို အချိုးကျရောစပ်အသုံးပြု၍ အာဟာရမြှင့် အမည်သစ်အစားအစာများ ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

စပါးဇီဝဥယျာဉ်သုတေသနဌာနစုတွင် စပါးပင်၏ အစိတ်အပိုင်းအားလုံးကို အကျိုးရှိစွာအသုံးချနိုင်သော နည်းပညာများ သုတေသနပြုဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် (၁)ဆန်ကိုအခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်များ (မုန့်ဆန်း၊ ပေါက်ပေါက်၊ မရွေး၊ ဆန်ကွတ်ကီး၊ ဆန်လုံးစေ့မုန့်) ထုတ်လုပ်ရန်၊ (၂) ဆန်ကိုအခြေခံသော အမည်သစ် အစားအစာမုန့်များတွင် စားသုံးသူ အသက်အရွယ်အလိုက် လိုအပ်သော အာဟာရဓာတ်များကို ထပ်မံဖြည့်စွက်ပေးရန်၊ (၃) အမည်သစ် အစားအစာများ၏ အာဟာရပါဝင်မှု စမ်းသပ်စစ်ဆေးရန်၊ (၄)ဆန်ကို အခြေခံသော မုန့်လုပ်နည်းပညာရပ်များကို ရှာဖွေဖော်ထုတ်ပေးရန် ရည်ရွယ်၍ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ဆန်အခြေပြု တန်ဖိုးမြှင့်အစားအစာများပြုလုပ်နည်းအချို့ကို အောက်ပါအတိုင်း ဖော်ပြသွားမည်ဖြစ်ပါသည် -



မုန့်ဆန်းပြုလုပ်ခြင်း။

**(က) ဆန်အခြေပြု တန်ဖိုးမြှင့်အစားအစာများဖြစ်သော မုန့်ဆန်း၊ ပေါက်ပေါက်နှင့် မရွေးမုန့် ပြုလုပ်နည်းများ**

**(၁) မုန့်ဆန်းပြုလုပ်ခြင်း**

မုန့်ဆန်းပြုလုပ်နည်းမှာ စပါးစေ့များကို အပူချိန် ၉၀-၉၅ ဒီဂရီစင်တီဂရိတ်အထိ အပူပေးထားသော ရေနွေးတွင် ခြောက်-ရှစ်နာရီကြာ စိမ်ထားပြီးနောက် ရေများကိုစစ်ထုတ်ကာ စပါးစေ့ပေါ်တွင် အစိုဓာတ်မကျန်သည်အထိ တစ်ညအိပ်လေသလပ်ခံပေးရပါသည်။ (စပါးစေ့များကို ရေနွေးစိမ်စဉ် ရေပေါ်သို့ ပေါ်ထွက်လာသော အဖျင်းအမှော်များကို ဖယ်ရှားပေးရမည်။) ရေစစ်ထားသောစပါးများကို ပမာဏအနည်းငယ်စီခွဲကာ ဒယ်အိုးထဲတွင် အပူချိန် ၁၆၀-၁၆၅ ဒီဂရီစင်တီဂရိတ်ရအောင် အပူပေးထားသော သဲနှင့်အတူရော၍ စပါးစေ့အချို့ ပေါက်သည်အထိ အပူပေးရပါသည်။ လှော်ထားသော စပါးစေ့များအတွင်း အပူချိန်နှင့် အစိုဓာတ် ညီညာပျံ့နှံ့စွာ ရရှိစေရန်အတွက် ဂုန်နီအိတ်စများဖြင့် ဖုံးအုပ်ပေးထားရပါသည်။ ထို့နောက် မုန့်ဆန်းပြုလုပ်သည့်စက် (Edge Runner)တွင်ထည့်၍ မုန့်ဆန်းရအောင် ပြုလုပ်ပြီး အဆင့်ခွဲခြားသော စက်ဖြင့် မုန့်ဆန်း၊ ဖွဲနှင့် စပါးခွံများကို သီးသန့်စီခွဲထုတ်ပေးရပါသည်။ ဖယ်ရှားလိုက်သောဖွဲများကို အလေအလွင့်မဖြစ်စေဘဲ တိရစ္ဆာန်အစာစပ်ရာတွင် အသုံးပြုနိုင်ပါသည်။ ရရှိလာသောမုန့်ဆန်းများကို ကြော်၍သော်လည်းကောင်း၊ ပေါင်း၍သော်လည်းကောင်း လိုအပ်သလို အသုံးပြုနိုင်ပါသည်။

**(၂) ပေါက်ပေါက်ပြုလုပ်ခြင်း**

ပေါက်ပေါက်ပြုလုပ်နည်းမှာ စပါးစေ့များကို ရေအနည်းငယ် နှံ့စပ်အောင်ရောမွှေပြီး စပါးစေ့များအတွင်း အစိုဓာတ်စိမ့်ဝင်စေရန်နှင့် အစိုဓာတ်ထိန်းထားရန်အတွက် ဂုန်နီအိတ်တွင်ထည့်ကာ တစ်ညအိပ်ခန့် ထားပေးရပါသည်။ ထို့နောက် အပူချိန် ၂၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူပေးထားသော သဲတွင်ထည့်၍ အဆက်မပြတ် နှံ့စပ်အောင် မွှေကာလှော်ပေးရပါသည်။ ၂၀-၃၀ စက္ကန့်ခန့်ကြာလျှင် ဆန်ပေါက်ပေါက်ရရှိနိုင်ပြီဖြစ်ပါသည်။ ရရှိလာသောပေါက်ပေါက်များကို ဆန်ခါဖြင့်ဆယ်ယူကာ ဆန်ခါချ၍ သဲများ၊ စပါးခွံများကို ဖယ်ထုတ်ကာ ပေါက်ပေါက်များကို သန့်စင်ပြီး လိုအပ်သလို အသုံးပြုနိုင်ပါသည်။

**(၃) မရွေးပြုလုပ်ခြင်း**

မရွေးပြုလုပ်နည်းမှာ စပါးစေ့များကို အပူချိန် ၉၀-၉၅ ဒီဂရီစင်တီဂရိတ်အထိ အပူပေးထားသော ရေနွေးတွင် ခြောက်-ရှစ်နာရီကြာ စိမ်ထားပြီးနောက် ရေများကိုစစ်ထုတ်၍ စပါးစေ့ပေါ်တွင် အစိုဓာတ်မကျန်သည်အထိ တစ်ညအိပ်ထားပေးရပါသည်။ (စပါးစေ့များကို ရေနွေးစိမ်စဉ် ရေပေါ်သို့ပေါ်ထွက်လာသော အဖျင်းအမှော်များကို ဖယ်ရှားပေးရမည်။) ရေစစ်ထားသောစပါးများကို ပမာဏအနည်းငယ်စီခွဲကာ ဒယ်အိုးထဲတွင် အပူချိန် ၁၆၀-၁၆၅ ဒီဂရီစင်တီဂရိတ်ရအောင် သဲနှင့်အတူရော၍ စပါးစေ့အချို့ စတင်ပေါက်သည်အထိ အပူပေးရပါသည်။ စပါးစေ့များကို နေပူထဲတွင်သော်လည်းကောင်း၊ အရိပ်ထဲတွင်သော်လည်းကောင်း အလွှာပါးပါးလှန်းကာ မွှေပေးပြီး အခြောက်ခံရပါသည်။

ထိုအခြောက်ခံထားသော စပါးများကို ဟာလာစက်ဖြင့် နှစ်ကြိမ်မှ သုံးကြိမ်အထိ အကောင်းဆုံးအခြေအနေရှိသော ပေါင်းဆန်ရရှိအောင် ဖွပ်ချောရပါသည်။ ရရှိလာသောပေါင်းဆန်များကို သင့်တော်သော အစိုဓာတ် နှစ်-သုံးရာခိုင်နှုန်းရရှိသည်အထိ လျှော့ချနိုင်ရန် မီးဖိုပေါ်တွင် သဲမပါဘဲ လှော်ပေးရပါသည်။ ဆန်စေ့များအတွင်း အစိုဓာတ် ညီညာပျံ့နှံ့စွာရရှိစေရန်အတွက် ဂုန်နီအိတ်စငယ်များဖြင့် ဖုံးအုပ်ပေးထားရပါသည်။ ထို့နောက် ဆန်များကို ထုတ်ယူပြီး အပူပေးသောအဆင့်တွင် လျော့နည်းသွားသောအစိုဓာတ်ကို ပြန်လည်ဖြည့်တင်းပေးရန် နှစ်-သုံးရာခိုင်နှုန်းရှိသည့် ဆားပြည့်ဝပျော်ရည်ဖြင့် ပက်ဖျန်းပေးကာ ရောမွှေပေးရပါမည်။ ဆန်အနည်းငယ်စီကို သံဒယ်အိုးထဲတွင် အပူချိန် ၂၅၀ ဒီဂရီစင်တီဂရိတ်ခန့်ရအောင် အပူပေးထားသော သဲဖြင့် ဆန်မရွေးရရှိသည်ထိ ၁၀-၁၂ စက္ကန့်ခန့်ကြာ လှော်ပေးရပါသည်။ ရရှိလာသော မရွေးနှင့် ရောနှောနေသောသဲများကို မီးဖိုပေါ်တွင်ပင် ဆန်ခါဖြင့်စစ်ချပြီး သဲ၏အပူချိန်ကို ဆက်ထိန်းထားကာ နောက်တစ်ကြိမ် ဆက်လှော်ရန်အတွက် အသုံးပြုနိုင်ပါသည်။ ရရှိလာသောမရွေးကို ဆန်ခါချပြီး ထန်းလျက်ရည်ဖြင့်နယ်၍ မရွေးမုန့်ပြုလုပ်နိုင်ပါသည်။

**(ခ) တန်ဖိုးမြှင့်အစားအစာ အနုဆုပ်ပြုလုပ်ခြင်း**

အနုဆုပ်မုန့်မပြုလုပ်မီ ပထမဦးစွာ စပါးများကို စပါးအခွံချွတ်စက် အသုံးပြု၍ ဆန်လုံးညိုများ ရရှိအောင် ဆောင်ရွက်ရပါမည်။ ရရှိလာသော ဆန်လုံးညိုများကို ဒယ်အိုးထဲတွင်လှော်ပြီး အအေးခံကာ ကြိတ်စက်ဖြင့် အမှုန့်ဖြစ်အောင် ကြိတ်ပေးရပါမည်။ တာရှည်ခံဖွဲနုပြုလုပ်ပုံမှာ ဆန်ကြိတ်ခွဲခြင်းမှ ရရှိလာသောဖွဲနုကို ၁၀၅ ဒီဂရီစင်တီဂရိတ်ရအောင် အပူပေးထားသော အပူပေးစက် သို့မဟုတ် ဒယ်အိုးထဲတွင် ငါးမိနစ်ခန့်ကြာ အခြောက်ခံပြီး သန့်စင်သော တာရှည်ခံဖွဲနုကိုရရှိပါသည်။ တာရှည်ခံဖွဲနုကို အနုဆုပ်မုန့်ပြုလုပ်ရာတွင် အသုံးပြုမည်ဖြစ်ပါသည်။ အနုဆုပ်မုန့်ပြုလုပ်ရာတွင် အသုံးပြုသော ပါဝင်ပစ္စည်းများမှာ လှော်ထားပြီးသော ဆန်လုံးညိုအမှုန့် ထမင်းစားဇွန်း ခုနစ်ဇွန်း၊ တာရှည်ခံဖွဲနု လက်ဖက်ရည်ဇွန်း နှစ်ဇွန်း၊ ထန်းလျက်ရည် ထမင်းစားဇွန်း ၁၃ ဇွန်း၊ ရေ ထမင်းစားဇွန်း ၃၅ ဇွန်းနှင့် ဆားလက်ဖက်ရည်ဇွန်း ၁/၂ ဇွန်းတို့ ဖြစ်ပါသည်။

အနုဆုပ်မုန့်ပြုလုပ်ပုံ အဆင့်ဆင့်မှာ - ဒယ်အိုးထဲတွင် ထန်းလျက်၊ ရေနှင့်ဆား အနည်းငယ်ကို ထည့်ပြီး ညောင်စေးကျအောင် ကျိုပေးရပါမည်။ ထို့နောက် စေးပျစ်အောင်ကျိုထားသော ထန်းလျက်အရည် ထမင်းစားဇွန်း ၁၃ ဇွန်းကို လှော်ထားပြီးသော ဆန်လုံးညိုအမှုန့်နှင့် တာရှည်ခံဖွဲနုထည့်ထားသော ဇလုံထဲသို့ထည့်ပြီး နှံ့စပ်အောင် ရောနယ်ပေးရပါမည်။

စာမျက်နှာ ၁၁ သို့ ❑



မရွေးပြုလုပ်ခြင်း။

**“စိုက်ပျိုးထွက်ရှိလာသည့်သီးနှံများကို ၎င်းတို့အတိုင်း တင်ပို့ရောင်းချပါက ဝင်ငွေအနည်းငယ်သာ ရရှိနိုင်မည်ဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် (ဥပမာ-ဆန်ဖြင့်ပြုလုပ်သော မုန့်ဆန်း၊ ပေါက်ပေါက်နှင့် ဆန်မရွေးများကို ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်၍ သေသပ်လှပအောင်ထုပ်ပိုးပြီး ပြည်တွင်း/ ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချခြင်း) အဆင့်မြှင့်တင်ထုတ်လုပ်ရောင်းချခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်မည့်အပြင် ကုန်ပစ္စည်းများမှလည်း အပိုဝင်ငွေရရှိနိုင်မည်”**

❏ စာမျက်နှာ ၁၀ မှ

ရောနယ်ထားသော ဆန်လုံးညိုအနှစ်များကို ပမာဏအနည်းငယ်စီခွဲကာ အရွယ်ညီအလုံးလေးများ လုံးပေးရပါမည်။ အရွယ်ညီ ဆန်လုံးညိုလုံးများပေါ်သို့ တစ်လုံးနှင့်တစ်လုံး ကပ်မနေစေရအောင် ဆန်လုံးညိုအမှုန့် အနည်းငယ်ဖြူးကာ အရိပ်ထဲတွင် လေသလပ်ခံပေးပြီးနောက် အနှဆုပ်မုန့်လုံးများ ရရှိနိုင်ပြီ ဖြစ်ပါသည်။

ဒေသတွင်း ဆန်အခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်လာနိုင်ရေးသည် နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME)၏ ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ခြင်းသာမက လူမှုစီးပွားဘဝများ မြင့်မားလာစေရေးကိုလည်း အထောက်အကူဖြစ်စေပါသည်။ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် စတင်ထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်ရှိသည်အထိ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံးတွင် စိုက်ပျိုးထုတ်လုပ်သူများ၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်သူများ၊ လက်လီလက်ကား ရောင်းချသူများ၊ သယ်ယူပို့ဆောင်ပေးသူများနှင့် အခြားဝန်ဆောင်မှုပေးသူများ စသည်တို့ပါဝင်သည်။


အနှဆုပ်မုန့်ပြုလုပ်ခြင်း။

စိုက်ပျိုးထွက်ရှိလာသည့်သီးနှံများကို ၎င်းတို့အတိုင်း တင်ပို့ရောင်းချပါက ဝင်ငွေအနည်းငယ်သာ ရရှိနိုင်မည်ဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် (ဥပမာ-ဆန်ဖြင့်ပြုလုပ်သော မုန့်ဆန်း၊ ပေါက်ပေါက်နှင့် ဆန်မရွေးများကို ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်၍ သေသပ်လှပအောင်ထုပ်ပိုးပြီး ပြည်တွင်း/ ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချခြင်း) အဆင့်မြှင့်တင် ထုတ်လုပ်ရောင်းချခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်မည့်အပြင် ကုန်ပစ္စည်းများမှလည်း အပိုဝင်ငွေရရှိနိုင်မည်ဖြစ်သည်။

ဆန်အခြေပြု တန်ဖိုးမြှင့် အမည်သစ်အစားအစာများကို ပြည်ပမှ တင်သွင်းလာသည့် စားသောက်ကုန်များနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် ထုပ်ပိုးမှု၊ အရည်အသွေးနှင့် အနံ့အရသာ စသည်တို့ ပိုမိုကောင်းမွန်အောင်မြှင့်တင်ရေး၊ လိုအပ်သည့် ကုန်အညွှန်း အမှတ်အသားများ ပြည့်စုံစွာ ထည့်သွင်းလာရေး၊ ဆန်းသစ်တီထွင်နိုင်ရန် လိုအပ်သည့် နည်းပညာအကူအညီများ ပံ့ပိုးပေးရေး၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်အထိ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရန် ဈေးကွက်ရရှိရေး၊ ဆန်အခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် စားသုံးမှုလုံခြုံစိတ်ချ၍ ကျန်းမာရေးနှင့် ညီညွတ်သော စံချိန်စံညွှန်း ပြည့်မီကောင်းမွန်သည့် စားသောက်ကုန်များ ထုတ်လုပ်လာရေးအတွက် သက်ဆိုင်သည့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက၊ လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များမှ ကဏ္ဍအလိုက် ဘက်ပေါင်းစုံ ဝိုင်းဝန်းပူးပေါင်းပြီး အောင်မြင်မှုရရှိအောင် ဆောင်ရွက်ခြင်းသည် ဆန်အခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့် MSME လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံ့စီးပွားတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



## ကာကွယ်ဆေးထိုး လွှမ်းခြုံမှု ပိုမိုမြင့်မားစေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်က ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းချမ်းက လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအိအိဖြိုးအောင်က ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**လှိုင်သာယာ ဖေဖော်ဝါရီ ၈**

လှိုင်သာယာ( အနောက်ပိုင်း)မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် ခရိုင်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့က ဖေဖော်ဝါရီ ၇ ရက်က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ကုလားကြီးစု ကျေးရွာသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ် စစ်ဆေးဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရန်နိုင်ဖြိုးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကုလားကြီးစုကျေးရွာအနီးရှိ ထိန်ပင်အမှိုက်ပုံတာဝန်ရှိသူများ၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကာ မီးငြိမ်းသတ်ယာဉ်များ အသင့်ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးအန္တရာယ်ဖြစ်လာပါက ရေရရှိရေး ကြိုတင်စီစဉ်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ကျောက်တံခါးမြို့နယ်၌ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေ

**ကျောက်တံခါး ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ငှက်ဖျားရောဂါကူးစက်ပျံ့နှံ့မှုပပျောက်နှိမ်နင်းရေးအတွက် ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက တောကျွဲအင်းကျေးလက်ကျန်းမာရေးဌာန၌ ပြုလုပ်သည်။

ဦးစွာ တောကျွဲအင်းကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးစောဝင်းရွှေနှင့် ကျန်းမာရေးဝန်ထမ်းများက ငှက်ဖျားရောဂါနှင့်ပတ်သက်၍ အသိပညာပေးပြောကြားပြီး ဆေးစိမ်ခြင်ထောင် ၁၅၀၈ လုံးကို အခမဲ့ဖြန့်ဝေပေးသည်။

မြို့နယ်အတွင်းရှိပြည်သူများ ငှက်ဖျားရောဂါအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းခြင်း အသိပညာပေးဆွေးနွေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်းနှင့် ကျန်းမာရေးဝန်ထမ်းများက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ကျောက်တံခါးမြို့နယ်အတွင်း ဇန်နဝါရီလမှ ယနေ့အထိ ဆေးစိမ်ခြင်ထောင် ၈၄၀၂ လုံး အခမဲ့ဖြန့်ဝေပြီးကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းဌာနခွဲသည် ကာကွယ်ဆေးထိုး လုပ်ငန်းများဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံကြက်ခြေနီအသင်း(MRCS)နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်းက အမှာစကားပြောကြားပြီး တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းဌာနခွဲမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ WHO၊ UNICEF အဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

ငွေကြယ်



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ပူဇာနှင့် စာအောင်သံဃာတော်အရှင်သူမြတ်များအား ပူဇော်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၁၆၈)ရပ်ကွက် မေတ္တာရိပ်ဆွမ်းလောင်းအသင်းကြီးက ကြီးမှူးပူဇော်အပ်သော မဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ပူဇာနှင့် စာအောင်သံဃာတော်အရှင်သူမြတ်များအား ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက အမှတ်(၁၆၈) ရပ်ကွက် ချမ်းမြေ့မေတ္တာကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်၍ ကြွရောက်တော်မူလာသော ဆရာတော်ကြီးနှင့် တကွ သံဃာတော်အရှင်သူမြတ်များအား အမှတ်(၁၆၈)ရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ချမ်းမြေ့မေတ္တာကျောင်းတိုက် ဆရာတော်က ဝမ်းမြောက်စွာ ကျေးဇူးတင်စကား မိန့်ကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်တော်မူသော သာသနာပြုဘွဲ့ "မဟာသဒ္ဓမ္မ ဇောတိက ဓဇ" ဘွဲ့တော်ရ ရွှေတောင်ဦး ပရဟိတ ကျောင်းတိုက်ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ အရှင်ဣန္ဒသာရ အရှင်သူမြတ်နှင့် ၂၀၂၅ ခုနှစ်တွင် အစိုးရပရိယတ္တိ စာမေးပွဲအောင်မြင်တော်မူကြကုန်သော သာသနဓဇအာဇာနည် သုတဗုဒ္ဓအရှင်သူမြတ်တို့အား တပည့်ဒါယကာ ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဂုဏ်ပြုပူဇော်ခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

# ချောက်မြို့၌ မြို့နယ်သံဃနာယကအဖွဲ့ ကျောင်းတော်ကြီးဆောက်လုပ်နိုင်ရန် ရတနာပန္နက်တော်စိုက်ထူခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**ချောက် ဖေဖော်ဝါရီ ၈**



မကွေး တိုင်းဒေသကြီး ချောက်မြို့တွင် မြို့နယ်သံဃနာယကအဖွဲ့ ကျောင်းတော်ကြီး ဆောက်လုပ်နိုင်ရန် ရတနာပန္နက်တော်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့က ချောက် – မကွေးသွား ကားလမ်းမဘေး၊ သတိပဋ္ဌာန်ကျောင်းအနီး မြို့နယ်သံဃနာယကအဖွဲ့ကျောင်းတော်ကြီး အဆောက်အအုံဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ ကျောင်းတော်ကြီး ဆောက်လုပ်ရေး ကြီးကြပ်ရေး တာဝန်ခံ ဆရာတော် ဦးသေဋ္ဌိလက ကျောင်းတော်ကြီး ဆောက်လုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားသည်။

ဆက်လက်၍ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဗိုလ်က အလှူခံရရှိငွေ၊ သုံးစွဲကုန်ကျငွေစာရင်းနှင့် လက်ကျန်ငွေစာရင်းချုပ်ကို ရှင်းလင်းလျှောက်ထားခဲ့ပြီး တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဦးဆောင်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ရတနာပန္နက်တော်တင်ခြင်းနှင့် အမွှေးနံ့သာရည်ပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ပုသိမ်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲ၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။

တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ သွေးအလှူရှင်များက စုပေါင်းသွေးလှူဒါန်းကြရာ အဖွဲ့မှ တာဝန်ရှိသူများက သွေးအလှူရှင်များကို အားပေးစကားပြောကြားပြီး စုပေါင်းသွေးလှူဒါန်းနေမှုကိုကြည့်ရှုအားပေးကာ သွေးအလှူရှင်များအား အစားအစာ၊ ဆေးဝါးပစ္စည်းများနှင့် ငွေကျပ် ၁၀၀၀၀ စီကို အဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ကြသည်။

**မေချို**



# ကျောက်ဆည်တက္ကသိုလ်၌ (အဝေးသင် သင်တန်း) စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲကျင်းပ

**စဉ့်ကိုင် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၅ ပညာသင်နှစ်တွင် (အဝေးသင် သင်တန်း) စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ကေရာဇ်ခန်းမဆောင်အတွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေက ပညာရေးအဖွဲ့မှ ထောက်ခံချက်ပေးပြီးသော ဘွဲ့များနှင့် စပ်လျဉ်း၍ ကတိများမေးမြန်းပြီး ဘွဲ့ရမောင်မယ်များက ကတိသစ္စာပြုကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ၂၀၂၅ ပညာသင်နှစ် (အဝေးသင် သင်တန်း)တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ရရှိသူ ၅၀၃၆ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၁၆၁ ဦးတို့အား ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ကျောက်ဆည်တက္ကသိုလ်၌(အဝေးသင် သင်တန်း) စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အပိုင်း ၄ ပိုင်းဖြင့် ကျင်းပပြီး ဖေဖော်ဝါရီ ၇ ရက်က အပိုင်း (၁)၊ (၂)နှင့် ယနေ့တွင် အပိုင်း(၃)၊ (၄) ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ချောင်းဆုံမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ အထွေထွေစီးပွားရေး သမဝါယမအသင်းများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ နိုင်ငံ့စီးပွား ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကားပြောကြားပြီး ကရင်ဝင်းစိန်မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းရှိ တစ်နိုင်တစ်ပိုင် နွားမွေးမြူသည့် အသင်းသား ၂၁ ဦးအား နိုင်ငံ့စီးပွား ထောက်ပံ့ငွေကျပ် ၁၅၄ သိန်းကျော်ကို တာဝန်ရှိသူများက ပေးအပ်ရာ ကရင်ဝင်းစိန် သမဝါယမအသင်းဥက္ကဋ္ဌ ဦးစောစံထူးကျော်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပခုက္ကူတက္ကသိုလ်၌ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၈**




ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ (၂၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ခင်ထွတ်၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင် ဦးဆောင်သော သဟာရအဖွဲ့ဝင်များက ဘွဲ့နှင်းသဘင်ခန်းမ စင်မြင့်ထက်သို့ ကြွရောက်နေရာယူကြပြီး ခေတ္တပါမောက္ခချုပ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျင်းပသော(နေ့သင်တန်း) စာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စသည့် ဘွဲ့ရမောင်မယ် စုစုပေါင်း ၁၄၂ ဦးတို့အား ဘွဲ့များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

# ကယားလုံချည်၊ ထမီ၊ ပဝါနဲ့ အသုံးအဆောင်အမျိုးမျိုးသာမက နာမည်ကျော် ကယားရိုးရာ ဝက်အူချောင်းနဲ့ စားသောက်ကုန်တွေကိုလည်း လာရောက်လေ့လာကြည့်ရှုပြီး ဝယ်ယူအားပေးနိုင်ပါတယ်၊ အခုနှစ်မှာ အထူးအနေနဲ့ ဝါးလက်မှုပစ္စည်းတွေကို ထည့်သွင်းပြသ ရောင်းချသွားမှာဖြစ်ပါတယ်

ဦးစောဟူးဟူး

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှစ၍ ဖေဖော်ဝါရီ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ခြောက်ရက်တာ ကျင်းပမည့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များ၊ တန်ဖိုးမြင့်ထုတ်ကုန်များ၊ MSME ထုတ်ကုန်များကို အမျိုးအစားစုံလင်စွာ ပြသရောင်းချလျက်ရှိရာ ထိုသို့လာရောက်ပြသရောင်းချကြသည့် MSME လုပ်ငန်းရှင်များ၊ ပြခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**ဦးစောဟူးဟူး**
**သယံဇာတရေးရာဝန်ကြီး**
**ကယားပြည်နယ်အစိုးရအဖွဲ့**

ကျွန်တော်တို့ ပြည်နယ်အနေနဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြခန်းမှာ ပြည်နယ်ရဲ့ မွေးမြူရေးထုတ်ကုန်တွေ၊ စိုက်ပျိုးရေးထုတ်ကုန်တွေ အပါအဝင် ဒေသထွက် MSME ထုတ်ကုန်တွေ၊ တန်ဖိုးမြင့်ထုတ်ကုန်တွေကို ခင်းကျင်းပြသ ရောင်းချသွားမှာ ဖြစ်ပါတယ်။ မွေးမြူရေးထုတ်ကုန် အနေနဲ့ ဒိန်ချဉ်၊ ပေါင်းခံနွားနို့၊ ပျားရည်၊ ပျားဖယောင်း၊ ပျားဝတ်မှုန်နဲ့ ကြက်သွန်ဖြူပျားရည်တွေ၊ စိုက်ပျိုးရေး ထုတ်ကုန်တွေ အနေနဲ့ အဓိကကတော့ ဆန်မွှေးနဲ့ နှမ်း၊ အစေ့ထုတ် ပြောင်း၊ ပင်နံ့ငရုတ်သီးခြောက် စတာတွေ အပါအဝင် အမယ်စုံ ခင်းကျင်းပြသရောင်းချမှာပါ။ ဒါတွေက ကယားပြည်နယ်ရဲ့ဒေသတစ်ခု ထွက်ကုန်တစ်ခုအနေနဲ့ ထုတ်လုပ်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ပြီးတော့ ပြည်နယ်ကနေ အခုလိုဈေးရောင်းပွဲတော်ကို လာရောက်ရောင်းချတိုင်း လူကြိုက်များပြီး ရောင်းအားကောင်းတဲ့ ရွာသစ်အုန်းဆီလည်း ရောင်းချပေးမှာ ဖြစ်ပါတယ်။ ဖရူဆိုမြို့နယ် ဒေသထွက် ကော်ဖီမှုန့်နဲ့ လက်ဖက်ခြောက်တွေလည်း ပါပါတယ်၊ ကယား လုံချည်၊ ထမီ၊ ပဝါနဲ့ အသုံးအဆောင် အမျိုးမျိုး သာမက နာမည်ကျော် ကယားရိုးရာဝက်အူချောင်းနဲ့ စားသောက်ကုန်တွေကိုလည်း လာရောက်လေ့လာကြည့်ရှုပြီး ဝယ်ယူအားပေးနိုင်ပါတယ်။ အခုနှစ်မှာ အထူးအနေနဲ့ ဝါးလက်မှုပစ္စည်းတွေကို ထည့်သွင်းပြသ ရောင်းချသွားမှာ ဖြစ်ပါတယ်။ ကယားရိုးရာ စားသောက်ဆိုင်မှာတော့ ရိုးရာအစားအစာတွေဖြစ်တဲ့ ကယားဆန်ပြုတ်၊ ကယားဝက်အူချောင်း၊ ခရုပြုတ်၊ ဟင်းထုပ်နဲ့ ကယားခေါင်ရည်တွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒေသရဲ့ အငွေ့အသက်ပါဝင်အောင် ပြင်ဆင်ချက်ပြုတ်ခင်းကျင်းထားတာဖြစ်လို့ ရိုးရာဓလေ့ကို ခံစားလေ့လာရင်း၊ ကယားပြည်နယ်ရဲ့ တိုင်းရင်းသားရိုးရာ အစားအစာတွေကို မြည်းစမ်းရင် လာရောက်ဖို့ ဖိတ်ခေါ်အပ်ပါတယ်။


ဦးစောဟူးဟူး


ဦးမောင်မောင်ဦး


ဦးဆန်းထွဋ်ကို



ဦးကျော်ဝင်း


ဒေါ်နှင်းစံပယ်ဖြူ

**ဦးမောင်မောင်ဦး၊ စီးပွားရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့**

ဧရာဝတီတိုင်းဒေသကြီး ပြခန်းမှာဆိုရင် သားငါးကဏ္ဍနဲ့ မွေးမြူရေးထုတ်ကုန်တွေ၊ ဒါတွေနဲ့ ပတ်သက်တဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေကို ပြသထားပါတယ်။ လယ်ယာနဲ့ ပတ်သက်ပြီးတော့ ဒေသထွက် ဆန်အမျိုးမျိုး၊ အထူးသဖြင့် အရည်အသွေးကောင်း ဓာတုကင်းလွတ်တဲ့ ပေါ်ဆန်းဆန်ကိုလည်း ပြသထားပါတယ်။ နိုင်ငံခြားပို့ကုန် ပေါင်းဆန်တွေလည်း ပြသထားပါတယ်။ တိုင်းဒေသကြီးမှာ စိုက်ပျိုးပြီး ပြည်ပကို စပို့နေပြီဖြစ်တဲ့ ပီလောပီနံမျိုးတွေကို ပြသထားပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ထွက်ရှိတဲ့ အတွက် ကြိမ်၊ ဝါးနဲ့ ပတ်သက်တဲ့ အိမ်အသုံးအဆောင် ပစ္စည်းတွေကို ပြသထားပါတယ်။ ပြပွဲမှာ လာရောက်ပြသတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ သုံးစွဲမယ့်သူတွေနဲ့ တိုက်ရိုက်ထိတွေ့လို့ ရတယ်။ ဈေးကွက် ထိုးဖောက်လို့ရတဲ့ အပြင် ဒီပြပွဲမှာ တစ်ခါတည်း ရောင်းဝယ်သွားလို့ရတယ်။ ဒီပြပွဲမှာ ကျွန်တော်တို့ တိုင်းဒေသကြီးက ပြကွက်တစ်ခုအနေနဲ့ ကွန်ပျူတာတက္ကသိုလ်နဲ့ MSME Agency ပူးပေါင်းဆောင်ရွက်ထားတဲ့ ကွန်ပျူတာတက္ကသိုလ် ကျောင်းသားတွေရဲ့ ဖန်တီးမှုလည်း ပါဝင်ပါတယ်။ ဒီမှာ ပြသရောင်းချတဲ့ ပစ္စည်းတွေအားလုံးကို ကွန်ပျူတာပေါ်ကနေတင်ပြီး ရောင်းချပေးတဲ့အတွက် ဖုန်းထဲကနေ ဝယ်လို့ရပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့ ပြပွဲကို လာရောက်လေ့လာပြီး ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူသုံးစွဲခွင့် ရရှိမှာဖြစ်ပါတယ်။ ပြီးတော့ ဧရာဝတီ တိုင်းဒေသကြီးထဲက စားသောက်ကုန်တွေက ကျန်းမာရေးနဲ့လည်း သင့်တော်ပါတယ်၊ စားသုံးသူတွေအတွက် အရသာလည်းရှိပါတယ်၊ တန်ဖိုး အသင့်အတင့်နဲ့ ဝယ်ယူသုံးစွဲနိုင်မှာဖြစ်တဲ့အတွက် လာရောက်ဝယ်ယူအားပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဆန်းထွဋ်ကို၊ ညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ပြခန်းတာဝန်ခံ**

နိုင်ငံတော် အကြီးအကဲတွေက MSME ကို အားပေးနေတဲ့အချိန်ဖြစ်တဲ့အတွက် MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်လုပ်ငန်း တိုးတက်ဖို့ အခွင့်အလမ်းတွေ အများကြီးရှာနိုင်တဲ့ အချိန်ကောင်း ဖြစ်ပါတယ်။ အခုနှစ် ကျွန်တော်တို့ တိုင်းဒေသကြီး ကိုယ်စားပြု ပြခန်းမှာ တိုင်းဒေသကြီးက ထွက်ရှိတဲ့ ထုတ်ကုန်အမယ်ပေါင်း ၄၃၄ မျိုးကို ခင်းကျင်းပြသရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ လူသုံးကုန်၊ စားသောက်ကုန်တွေကို အမယ်စုံလင်စွာ ပါဝင်ပြသထားတယ်။ ကျောင်းသားလူငယ်တွေ၊ ပြပွဲလာ ပြည်သူတွေ ဗဟုသုတ ရရှိစေဖို့အတွက် Touch Screen သယ်လာပြီးတော့ မန္တလေးတိုင်းဒေသကြီးနဲ့ ပတ်သက်တဲ့ MSME ဆိုင်ရာ အချက်အလက်တွေကိုလည်း အလွယ်တကူ ကြည့်ရှုနိုင်အောင် ပြသပေးထားပါတယ်။ စွမ်းအင်လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် Solar တွေ၊ EV မော်တော်ဆိုင်ကယ်တွေ၊ Agro Based စိုက်မွေး ထုတ်ကုန်ပစ္စည်းတွေကို တိုင်းဒေသကြီးမှာထွက်တဲ့ ထုတ်ကုန်တွေကို အသုံးပြုပြီး ကုန်ချောထုတ်လုပ်လို့ ရနိုင်တဲ့ ပစ္စည်းတွေ၊ စိုက်မွေးကုန်ကြမ်းတွေကိုအသုံးပြုပြီးတော့ ထုတ်လုပ်လို့ရတဲ့ ပစ္စည်းတွေကို ဒီနှစ်မှာ ဦးစားပေး ပြသထားပါတယ်။

မန္တလေးတိုင်းဒေသကြီးအနေနဲ့ ဒေသထွက် အရောင်းဆိုင်ပြခန်းမှာဆိုရင် ဒေသထွက်အစားအစာတွေကိုလည်း ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးရဲ့ အဓိကနာမည်ကြီးတဲ့ နန်းကြီးသုပ်၊ မန္တလေးမြီးရှည် အပြင် ဒေသအစားအစာအမျိုး ၃၀ ကျော်ကို ရောင်းချပေးသွားမှာ ဖြစ်တဲ့အတွက် လာရောက်ဝယ်ယူ မြည်းစမ်းနိုင်ပါတယ်။ ပြင်ဦးလွင် ဒေသထွက်ကော်ဖီကို အဓိကထားပြီးတော့ ရောင်းချမှာဖြစ်ပြီး သီးသန့်ဆိုင်ခန်းနဲ့ ရောင်းချပေးသွားမယ့် အစီအစဉ်ရှိပါတယ်။

**ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း**

အထည်ချုပ်လုပ်ငန်းအပါအဝင် CMP လုပ်ငန်းတွေက ငွေအရင်းအနှီးနဲ့ နည်းပညာတွေ မပြည့်စုံခင်ကာလမှာ ကိုယ့်နိုင်ငံထဲက လူ့စွမ်းအား အရင်းအမြစ်တွေ အားလုံး အရည်အသွေးမြင့်လာအောင် သူများအရင်းအနှီးနဲ့ ကျွမ်းကျင်မှုကို သင်ကြားပေးတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အခုဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ CMP စနစ်ကနေပဲ ဖွံ့ဖြိုးတိုးတက်သွားကြတာ ဖြစ်ပါတယ်။ CMPဆိုတာ Industria-lization ရဲ့ ပထမဦးဆုံး လှေကားထစ်ပဲဖြစ်ပါတယ်။ ဒီလှေကားထစ်ကို ပိုင်ပိုင်နိုင်နိုင်နင်းတဲ့အချိန်မှာ နိုင်ငံထဲမှာရှိတဲ့ အခြေခံလူတန်းစားတွေအတွက် အလုပ်အကိုင် အဆင်ပြေမှုဆိုတဲ့ အကျိုးရလဒ်ကို ရရှိပါတယ်။ အခြေခံလူတန်းစား စားဝတ်နေရေး အဆင်ပြေဖို့ ဒီလုပ်ငန်းတွေက အထောက်အပံ့ပြုပါတယ်။ ဒီပြပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အားလုံးက ဒေသထွက်ထုတ်ကုန် ပစ္စည်းတွေ ရောင်းချကြတာပါ။ ကျွန်တော်တို့ အသင်းကတော့ CMP လို့ခေါ်တဲ့ လက်ခစားစနစ်နဲ့ အလုပ်လုပ်တဲ့ စက်ရုံတွေကထွက်ရှိတဲ့ ထုတ်ကုန်တွေကို လာရောက်ပြသတာ ဖြစ်ပါတယ်။ CMP ဆိုတာက ကုန်ကြမ်းပေး ကုန်ကြမ်းချောယူဆိုတဲ့ သဘောဖြစ်ပါတယ်။ ကုန်ချောဖြစ်သွားအောင် လုပ်တဲ့အတွက် လက်ခတွေရရှိပြီး ဝင်ငွေရရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြပွဲကြီးများ လာရောက်လေ့လာကြတဲ့ ပြည်သူတွေကို သိရှိအောင် ခင်းကျင်းပြသပေးတာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ပြည်တွင်းက လုပ်ငန်းရှင်တွေ စိတ်ဝင်စားတယ်ဆိုရင် ပြည်ပလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ပြီး လုပ်ဆောင်နိုင်ဖို့၊ စက်ရုံအသစ် ထူထောင်ဖို့၊ ကုမ္ပဏီအသစ်တစ်ခု ထူထောင်နိုင်ဖို့ ဘယ်လို အချက်အလက်တွေ လိုအပ်တယ်ဆိုတာကို အသင်းအနေနဲ့ ကူညီပံ့ပိုးပေးသွားမှာပါ။ အခုလို နိုင်ငံတော်က MSME ပြပွဲတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ကျင်းပပေးတာ အင်မတန်ကောင်းမွန်ပါတယ်။ ဒီ MSME လုပ်ငန်းတွေရဲ့ အခုလို ပြပွဲတွေကတစ်ဆင့် စီးပွားရေးလုပ်ငန်းအဝန်းအဝိုင်းထဲ ရောက်ရှိလာကြမယ်၊ အချိတ်အဆက်တွေ အားကောင်းမယ်၊ အခွင့်အလမ်းတွေ ကောင်းလာမယ်။ အများကြီး အကျိုးရှိပါတယ်။ ပြီးတော့ လက်တွေ့ အလုပ်လုပ်တဲ့အခါမှာ ဘယ်လိုလုပ်လို့ရတယ်၊ ဘယ်လိုလုပ်သင့်တယ်ဆိုတာတွေ ဥပဒေအပိုင်းတွေနဲ့ စည်းမျဉ်းစည်းကမ်းအပိုင်းတွေကိုပါ နားလည်သိရှိခွင့်ရမှာဖြစ်တဲ့အတွက် များစွာ အကျိုးရှိပါတယ်။

**ဒေါ်နှင်းစံပယ်ဖြူ**
**အွန်ဖ စားသောက်ကုန်လုပ်ငန်း၊ ရှမ်းပြည်နယ်ကိုယ်စားပြု ပြခန်း**

ကျွန်မက ရှမ်းပြည်နယ်ကနေ လာရောက်ပြသတဲ့ လုပ်ငန်းရှင်တစ်ဦး ဖြစ်ပါတယ်။ အရင်ပြပွဲတွေကတည်းက လာရောက်ပြသရောင်းချတာဖြစ်ပါတယ်။ ဒီလို ပြသရောင်းချတော့ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ အခွင့်အလမ်းတွေ၊ အတွေ့အကြုံတွေ အများကြီးရတဲ့အတွက် အခုနှစ်လည်း ပါဝင်တာပါ။ ပြခန်းတွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးက လာရောက်ဖွင့်လှစ်ကြတာဖြစ်တဲ့အတွက် ကုန်ပစ္စည်းချင်းလည်း ဖလှယ်ခွင့်ရခဲ့ပါတယ်။ ဒီနှစ်မှာ ရှမ်းပြည်နယ်က ထုတ်ကုန်အသစ်တွေ၊ လုပ်ငန်းရှင်အသစ်တွေကိုပါ ခေါ်ခဲ့ပါတယ်။ ကျွန်မရဲ့ ထုတ်ကုန်ပစ္စည်းဆိုရင် Shopping Mall တွေနဲ့ အချိတ်အဆက်ရှိပေမယ့် တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်က လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ပြီး အခွင့်အလမ်းအသစ်တွေ ထပ်မံရရှိခဲ့ပါတယ်။ ပြီးတော့ ပြပွဲကနေ ပြည်တွင်းသာမက နိုင်ငံတကာက သံအမတ်တွေနဲ့ Face to Face online ချိတ်ဆက်ခွင့်ရတဲ့အတွက် နည်းပညာ၊ ဗဟုသုတတွေလည်း ရရှိခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - အောင်မင်းထိန်**

○ ကျောဖုံးမှ


ယာယီတိုက်ပွဲရှောင်စခန်းများသို့ ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဗန်းမောက်ဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ်ကာလအတွင်း အဆိုပါဒေသရှိမြေပေါ်၊ မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံ ထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရေး စစ်ကြောင်းများခွဲ၍ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှစ၍ နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပင်ဟင်းခါးရွာ၊ ရွှေကျောင်းရွာ၊ ခိုပြင်ရွာ၊ နောင်သာယာရွာ၊ တာဝါတိုင်ကုန်း၊ ခမိုးရွာနှင့် ဖြူးတောင်တစ်ဝိုက်တို့အားလည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ စစ်ဗျူဟာအရေးကြီးနေရာများအား လည်းကောင်း ဦးစွာထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ကာ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပြီး ဗန်းမောက်မြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများသည် ဗန်းမောက်မြို့အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များ၊ ဟိုတယ်များနှင့် အထပ်မြင့် အဆောက်အအုံများတွင် သဲအိတ်ဘန်ကာများ အခိုင်အမာဆောက်လုပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အဆောက်အအုံများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေးအတွက် ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း (Rules of Engagement–ROE) နှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ရသည့်အတွက် စစ်ဆင်ရေးကာလ လေးလကျော်ကြာမြင့်ခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက် ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အလုံးစုံပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၆၉ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေး

စာမျက်နှာ ၁၅ သို့ ❒




လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား ပြန်လည်ထိန်းချုပ်မှု မှတ်တမ်းဓာတ်ပုံ။




အကြမ်းဖက်သောင်းကျန်းသူများက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(နတလ)အား ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးအား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဗန်းမောက်ဒေသရှိ မြေပေါ်၊ မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံ ထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့မှုအား တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ အလက(ဗန်းမောက်)အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ မြန်မာ့စီးပွားရေးဘဏ်အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်လုပ်စိန်ပြောင်း၊ မီးလောင်ပုလင်း၊ လက်လုပ်မိုင်းများ မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ ရဲစခန်းအား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံများ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့တွင်း ရှင်းလင်းစဉ် အမက(အောင်သာကုန်း)အတွင်း သိမ်းပိုက်ရရှိသည့် ဘန်ကာနှင့် ပစ်ကျင်းများ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ တော်ဝင်ရွှေမြို့တော်ဟိုတယ်နှင့် ဟိုတယ်အတွင်း၌ ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ အထက(ဗန်းမောက်)ရှိ စာသင်ဆောင်များ၌ ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ် သိကောင်းစရာများ

ဒေါက်တာဇင်နွယ်မြင့် ပါမောက္ခ(ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

**အခြေခံပညာအထက်တန်း ဒွါဒသမတန်း ကျောင်းသား ကျောင်းသူများအနေဖြင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မကြာမီဖြေဆိုကြရမှာဖြစ်သည်။ ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ပထဝီဝင်ဘာသာရပ်နဲ့ပတ်သက်ပြီး လွယ်ကူချောမွေ့စွာ ဖြေဆိုနိုင်ရန်ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ သင်ကြားပို့ချမှာဖြစ်သည်။**

ရှေးဦးစွာ ဒွါဒသမတန်း ပထဝီဝင်ဘာသာရပ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင်ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံးစာအုပ်တွင် သင်ခန်းစာ အခန်းကြီး(၅)ခန်း ပါဝင်ပါသည်။

အခန်း (၁)သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များ အကြောင်းပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကို အခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမှာဖြစ်သည်။

အခန်း (၂) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းတို့ပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမှာဖြစ်သည်။

အခန်း (၃)သည် ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သော နည်းလမ်းများ၊ ဥပမာအဖြစ် နိုင်ငံအချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ကမ္ဘာ့လေထုညစ်ညမ်းစေသည့်အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမှာဖြစ်သည်။

အခန်း (၄) ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသော နိုင်ငံ(၅)နိုင်ငံ ဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါတယ်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမှာဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှစူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်းဖြစ်သည်။ အဝေးမှစူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များအကြောင်း နားလည်စေရန်နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သောအခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံနှင့် သက်ဆိုင်သောအကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်သတင်းအချက်အလက်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်းဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၆ ခုနှစ်တွင်ကျင့်သုံးမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြပါမည်။ မေးခွန်းတွင် အပိုင်း(က)မှ အပိုင်း(စ)အထိ အပိုင်း(၆)ပိုင်း ပါဝင်ကာ အပိုင်းအားလုံးကို ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ် ၁၀၀ ဖြစ်သည်။

ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ ကျောင်းသားကျောင်းသူများသည် သင်ခန်းစာများအားလုံးကို ခြုံငုံသိနားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန်အတွက် ဓမ္မဓိဋ္ဌာန်မေးခွန်းများကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် ၁ ဖြစ်ကာ ၁(က)၊ ၁ (ခ)နှင့် ၁ (ဂ)ဟူ၍ (၃)ပိုင်းပါရှိမည်။ မေးခွန်း ၁ (က)သည် မှား မှန်ရွေး၊ မေးခွန်း ၁(ခ)သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁(ဂ)သည် ပေးထားသော အဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးရန်ဖြစ်သည်။ မေးခွန်း ၁ (က)အတွက် ၁၀ မှတ်၊ ၁ (ခ)အတွက် ၁၀ မှတ်နှင့် ၁ (ဂ)အတွက် ၁၀ မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀)မှတ် ပေးထားခြင်းဖြစ်သည်။ ထိုဓမ္မဓိဋ္ဌာန်မေးခွန်းများကို ဒွါဒသမတန်းသင်ရိုး ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်ရှိ အခန်း(၁)မှ (၅)အထိ အပိုင်းအားလုံးပါဝင်ပြီး အပိုင်းတစ်ပိုင်းစီမှ အညီအမျှထုတ်နုတ်ပြီး မေးမည်ဖြစ်သည်။

အပိုင်း(ခ)တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာ အခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမှာဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် (၂)တွင်မေးခွန်းရှည်(Essay Type)တစ်ပုဒ် သို့မဟုတ် ပေးထားသည့်အကြောင်းအရာ(၃)ခုမှ ကြိုက်နှစ်သက်ရာ နှစ်ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက ၁၄ မှတ်ရပြီး ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို ၇ မှတ်စီဖြင့် ၁၄ မှတ် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၁၄ မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်း ဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကိုမဖြေလိုက ပေးထားသည့် သုံးခုအနက် နှစ်ပုဒ်ကို မေးခွန်းတိုအဖြစ် ဖြေရန်ဖြစ်သည်။

ကျန်အပိုင်းများဖြစ်တဲ့ အပိုင်း(ဂ) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများ၊ အပိုင်း (ဃ) ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်၊ အပိုင်း (င) ဒေသန္တရပထဝီဝင်နဲ့ အပိုင်း(စ) လက်တွေ့ပထဝီဝင်တို့ကိုလည်း မေးခွန်းရှည်၊ မေးခွန်းတိုဖွဲ့စည်းပုံကို အထက်မှာ ပြောခဲ့သည့်ပုံစံအတိုင်း မေးသွားမှာဖြစ်တယ်။

မေးခွန်းအပိုင်း(စ) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ်(၆)ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင်ဖြစ်သည်။ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် မေးခွန်းတိုနှစ်ပုဒ်ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှစူးစမ်းလေ့လာမှုနည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိက အပိုင်းကြီး(၂)ပိုင်းရှိရာ ၎င်းတို့အနက်မှ တစ်ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မေးခွန်းတို သုံးပုဒ်အနက် နှစ်ပုဒ်ကို မှတ်စုတိုရွေးချယ်ဖြေရမည့်အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့် ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များသိမ်းဆည်းရန်လိုအပ်သောပမာဏကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးနိုင်ပါသည်။ ထို့အတူ ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာအပိုင်းမှ အခြေခံသဘောတရားများ၊ သိသင့်သည့်အကြောင်းအရာများကို မေးခွန်းရှည်အဖြစ်မေးနိုင်ပါသည်။

လက်တွေ့ပထဝီဝင်၏ မေးခွန်းတိုအပိုင်းတွင်မူ ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှပုံများပေးထားပြီး တည်နေရာဆိုင်ရာအချက်အလက်များကို မှတ်သားဖော်ပြခိုင်းသည့် ကိုဩဒိနိတ်မေးခွန်းမျိုးလည်း မေးနိုင်ပါသည်။ တွက်ချက်ရန် မေးခွန်းတိုပုစ္ဆာအဖြစ် ၇ မှတ် တန်လည်း မေးနိုင်ပါသည်။

ယခု နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် ၁၄ မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ်မူတည်ပြီး ဂြိုဟ်တုနှင့် အာရုံခံကိရိယာစနစ်အမျိုးမျိုးရှိသည်။ Grade 12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယားအမှတ် (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏ လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့်အချက်များအနက် အိန္ဒိယနိုင်ငံမှလွှတ်တင်ထားသောဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန်ပမာဏ မည်မျှလိုမည်နည်း ဆိုသည့်ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမှာဖြစ်ပါတယ်။ IRS LISS 4 နှင့် သက်ဆိုင်သောအချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမှာဖြစ်တယ်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင်ပေးထားသော အချက်အလက်များကို ချရေးရန်ဖြစ်သည်။ ပုစ္ဆာပါ IRS LISS 4 ၏ အချက်အလက်များကို အောက်ပါအတိုင်း ရေးသားနိုင်သည်။

**ပေးထားချက်။** ။ ဂြိုဟ်တု = IRS
အာရုံခံကိရိယာ = LISS 4
ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ
မြေပြင်ပေါ်ရှိအရာဝတ္ထုများကိုအသေးစိတ်ခွဲခြားနိုင်မှု(တစ်နည်းအားဖြင့် မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ
ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု
အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်းတွက်သွားရန်ဖြစ်သည်။

**ရှာရန်။** ။ ကွန်ပျူတာတွင်အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက်နားလည်ရန်လိုသည်။ ထိုသဘောတရားကို နားလည်ထားပါက မည်သည့်ဂြိုဟ်တုခေတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူ တွက်ချက်ဖြေဆိုနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သောပုံရိပ်များကို အတိုင်များ(Columns)၊ အတန်းများ(Rows)ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သော စတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက် တစ်ကွက်ချင်းကို ပစ်ဇယ် (Pixel)ဟု ခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိအရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာဖြစ်သည်။ ပစ်ဇယ်အရွယ်အစား(Pixel size)သေးသေးဖြင့်မှတ်နိုင်လေ မြေပြင်ပေါ်ရှိအရာဝတ္ထုများ – ဥပမာ အဆောက်အအုံ၊ ကားလမ်း စသည်တို့ကို ပို၍အသေးစိတ်ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်တယ်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက်ပုံရိပ်ကို ပို၍ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုခေတ်ပုံ ဆိုသည်မှာ ဂြိုဟ်တုတွင်တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိအခြင်းအရာများကို မှတ်တမ်းတင်ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင် ပေးထားသော IRS LISS 4 မှ ရိုက်ယူသောပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာ ဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်မှာ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာရှိသော အကွက်များဖြင့် တစ်လိုင်းချင်းမှတ်တမ်းတင်သွားမှာဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန်လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကိုရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိအရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့်အရွယ်အစား(Pixel size) ၅.၈ မီတာနှင့် စားရမှာဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းဖို့လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့် မြှောက်ရမည် (၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိအရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား(Pixel size) ၅.၈ မီတာဖြင့် စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက်တန်းအရေအတွက် ၄၁၃၈ ကို ရမှာဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက်တန်းတစ်တန်းတွင်ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန်လိုသေးသည်။ ၎င်းအရေအတွက်ကိုရှာရန် ပုံရိပ်၏မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏ အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင်

စာမျက်နှာ ၁၇ သို့ »»

»» စာမျက်နှာ ၁၆ မှ

ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို ၁၀၀၀ ဖြင့် မြှောက်ကာ မီတာအဖြစ်ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန် ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင်အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခုပုစ္ဆာတွင်ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင်အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက်(အတန်း)ရှိသောပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက်(အတိုင်)ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။ သို့သော် အချို့ဂြိုဟ်တုပုံရိပ်များသည် အလျား(တန်း) နှင့် အနံ(တိုင်) မတူသည်များလည်း ရှိသည်ကို သိထားရန်လိုသည်။ ထိုသို့ အလျားနှင့် အနံ မတူညီပါက အလျားအတွက်တစ်ခါ၊ အနံအတွက်တစ်ခါ တွက်ပေးရန်လိုသည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိ အလျားလိုက်တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင်ပေးထားသည့် IRS LISS 4 ၌ ရောင်စဉ်စုအရေအတွက်သည် သုံးခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နဲ့ ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ x ၄၁၃၈ x ၃ = ၅၁၃၆၉၁၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့် စားက ၅၁.၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်း ပစ်ဇယ်အရေအတွက် အဖြစ်သာရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့် ပမာဏဟုမေးထားခြင်းဖြစ်သည့်အတွက် ရရှိလာတဲ့ ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန်လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု အတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် “ဘစ်” အရေအတွက်ဖြင့်ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင်သိမ်းနိုင်သည့် ပမာဏ(Memory Storage)ကို “ဘစ်”၊ “ဘိုက်”၊ “မီဂါဘိုက်” စသည်တို့ဖြင့် ပြလေ့ရှိသည်။ ဒါကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်မှ ဘိုက်**သို့ ယူနစ်ပြောင်းရန် လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက်ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှဖြာထွက်လာသောစွမ်းအင်ကို အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု ၇ ဘစ်အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခုကို သိမ်းနိုင်သော ပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော Memory ပမာဏလည်း ကွဲပြားသွားမှာဖြစ်သည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်)ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့်မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမှာဖြစ်တယ်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဆိုတဲ့ အဖြေကို ရမှာဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် = $\frac{\text{အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အလျား}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

= $\frac{\text{၂၄ ကီလိုမီတာ} \times \text{၁၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

(၁ ကီလိုမီတာ=၁၀၀၀ မီတာ)

= $\frac{\text{၂၄၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် = $\frac{\text{အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အနံ}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

= $\frac{\text{၂၄ ကီလိုမီတာ} \times \text{၁၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

= $\frac{\text{၂၄၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သောပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိ ဒေါင်လိုက်တိုင်အရေအတွက် x ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် x ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ x ၄၁၃၈ x ၃

= ၅၁၃၆၉၁၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ်(၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် x ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

∴ ကွန်ပျူတာတွင်အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက်တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၅၈ ရှိ ဇယားနံပါတ် ၅.၃ တွင် ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။

လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များအပိုင်းဖြစ်ပါတယ်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာ အယူအဆအချို့ဖြစ်တဲ့ တည်နေရာ(Location)၊ ဦးတည်ရာ(Direction)၊ အကွာအဝေး (Distance)၊ နေရာ (Space)နှင့် သွားလာရေး(Navigation)တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကို ဖော်ပြသော ဗက်တာ၊ ရာစတာတို့ရဲ့ အခြေခံသဘောတရားကို နားလည်ရန်လိုအပ်သည်။


ဗက်တာအခြေခံပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက် အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိအခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြုဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ်(တစ်နည်းအားဖြင့် အစက်)ဖြင့် ပြလေ့ရှိတယ်။ မျဉ်းတစ်ကြောင်းကိုဖော်ပြရာတွင်မူ ထိုမျဉ်း၏ တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့် ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်းရှိနိုင်သည်။ ထိုမျဉ်း၏ တည်နေရာကို အစဉ်လိုက်ရှိသော x, y ကိုဩဒိနိတ်များဖြင့်ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၇၆ နှင့် ၁၈၈ တို့တွင်ပါရှိသည့် ပုံများကဲ့သို့ ပုံတစ်ပုံပေးထားပြီး ပေးထားသောပုံမှ အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကို ဖော်ပြပါဟူသော မေးခွန်းမျိုး လေ့ကျင့်ထားသင့်ပါသည်။

နမူနာအဖြစ် အောက်ဖော်ပြပါပုံမှ မျဉ်းပိုင်းတို့နှင့် ထိစပ်နေသော ဧရိယာများ၊ ထိုဧရိယာတို့တွင် ပါဝင်သောမျဉ်းပိုင်းများနှင့် ကိုဩဒိနိတ်အမှတ်များကို ဖော်ပြပါဆိုသည့်မေးခွန်းကို လေ့လာကြည့်မည်။

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ ဘယ်ဘက်နှင့် ညာဘက်ရှိ ဧရိယာများကို (ဇယား -က)တွင် ပြထားသကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းဧရိယာများကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများကို(ဇယား-ခ)ကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ပြီးနောက် ထိုဧရိယာအလိုက် ဖွဲ့စည်းထားသော မျဉ်းပိုင်းတစ်ခုစီ၏ X, Y ကိုဩဒိနိတ်အမှတ်များကို အောက်တွင်ပြထားသည့် ဇယားအတိုင်း(ဇယား-ဂ) မျဉ်းပိုင်းအလိုက်ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရာခိုင်းသည့် ဧရိယာများ၊ ၎င်းဧရိယာတို့ကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများနှင့် ကိုဩဒိနိတ်အမှတ်များ၏ ဆက်စပ်မှုကို လွယ်ကူစွာဖော်ပြနိုင်မည်ဖြစ်သည်။




**ဖြေဆိုချက်။**

(ဇယား - က)

| မျဉ်းပိုင်းအမည် | ဘယ်ဘက်ရှိဧရိယာ | ညာဘက်ရှိဧရိယာ |
|---|---|---|
| A | 100 | 101 |
| B | 100 | 102 |
| C | 100 | 103 |
| D | 102 | 101 |
| E | 103 | 102 |
| F | 103 | 101 |

(ဇယား - ခ)

| ဧရိယာအမည် | ပါဝင်သောမျဉ်းပိုင်းများ |
|---|---|
| 101 | A, D, F |
| 102 | B, D, E |
| 103 | C, F, E |

(ဇယား - ဂ)

| မျဉ်းပိုင်းအမည် | မျဉ်းပိုင်းတို့၏ X, Y ကိုဩဒိနိတ်အမှတ်များ |
|---|---|
| A | (1,3) (1,9) (4,9) |
| B | (4,9) (9,9) (9,6) |
| C | (9,6) (1,9) (1,1) (1,3) |
| D | (4,9) (4,7) (5,5) (5,3) |
| E | (9,6) (7,3) (5,3) |
| F | (5,3) (1,3) |

ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင်လည်း အခြေခံသီအိုရီ သဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာအခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာအခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကို ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းသည် အလွတ်ကျက်ဖြေခြင်းမှ အထိုက်အလျောက်ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရမည့် အပိုင်းများရှိမည်။ ကျောင်းသားများသည် မေးခွန်းကို သေချာဖတ်ရှုရန်လိုပါမည်။ မေးခွန်းတွင် ဝေဖန်သုံးသပ်ပါ၊ လေ့လာဆန်းစစ်ပါဟု မေးထားပါက မိမိ၏ကိုယ်ပိုင်အမြင်ကို အနည်းငယ်မျှပင်ဖြစ်စေ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် များစွာအထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသား ကျောင်းသူများအားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာဖြေဆိုနိုင်ကြပါစေလို့ဆုတောင်းရင်း သင်ခန်းစာကို ဒီမှာပဲရပ်နားလိုက်ပါတယ်။


အိန္ဒိယနိုင်ငံထုတ် မီနီအိုးဝေတာယာ

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိမှု။

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းမှန် ၅၉ ကြိမ်ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၁၄၅ မှု၊ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၆ ဒသမ ၉၄၈ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် လိုင်စင်ရှိ/ လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်သစ်မျိုးစုံနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများအပါအဝင် တရားမဝင် ကုန်ပစ္စည်းတင်ဆောင်သည့် လိုင်စင်ရှိ/လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ငါးဖမ်းစက်လှေများ သိမ်းဆည်းရမိခဲ့ပါသည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်တင်ပို့/ တင်သွင်းမှုများအား သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၆ ဒသမ ၉၄၈ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ကျပ်သန်း ၂၄၆၇ ဒသမ ၃၉၀ ကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းသူ ဦးဆောင်၍ သန္နွေမီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် အမှတ်(၂)/အမှတ်(၃) ရေနံနှင့် သဘာဝဓာတ်ငွေ့ရည်စက်ရုံရှိ ဝန်ထမ်းများအား မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလက်ကမ်းစာစောင်ဖြန့်ဝေကာ အသိပညာပေး ဟောပြောခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်စဉ်။ မိုးဟိန်းထက်

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၅၄၀၀၀) နှင့် လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် နန္ဒဝန်ရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၈၁ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရွာတောင်ရပ်ကွက်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး လေးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၆၄၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက်တွင် ဖြူးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၉၅၄ တန်၊ အခြားသစ် ၁ ဒသမ ၉၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၁၂၄၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်မြို့နယ်၊ လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်နှင့် ဘုရားကြီးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၁၂၄၈ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၅၈၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၀၃၂၄၈) ကို ဖမ်းဆီးရမိခဲ့သည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၆ ရက်တွင် ဒက္ခိဏသီရိမြို့နယ် စီလမ်းဆုံ စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၅ ရက်တွင် ဘားအံမြို့နယ် သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succeed တစ်စီး၊ Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် မုံရွာမြို့နယ် နန္ဒဝန်ရပ်ကွက်၌ လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း အမျိုး ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၃၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၄၃၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် တောင်ငူ


တရားမဝင် စက်သုံးဆီများ

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး၊ လိုင်စင်မဲ့ဆိုင်ကယ် ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သက္ကလမြို့နယ် ဖွဲ့တွန်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၉၂၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်တွင် မကွေးမြို့နယ် အတွင်း၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း သုံးလုံး၊ Mytel Wifi စက် တစ်လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၂၇၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် ကြီးပင်ကန်(၂)ကျေးရွာရှိ နေအိမ် တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၅ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၇၁၅၀၀) ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၉၄၂၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ရေးခရိုင်၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်ငါးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၉ ရက်တွင် ဖျာပုံမြို့နယ် အမှတ် (၁၂) ရပ်ကွက်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လျှပ်စစ်ပစ္စည်း သုံးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်၊ ၂၆ ရက်၊ ၂၉ ရက်၊ ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၃၁) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၉၈၉၂၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မိုင်းယောင်းမြို့၌ ကျေးလက် လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**မိုင်းယောင်း ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဖေဖော်ဝါရီ၅ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးဇော်မျိုးထွေး၊ ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၃၂၅ သန်းဖြင့် ခန့်စည်ဖြိုးကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်သည့် ကျောက်လမ်းအရှည် (၀/၄)မိုင်၊ အကျယ် ၁၆ ပေ၊ ဒ ခြောက်လက်မရှိ ဝမ်ကောင်း-ဒွန်းကျိုင်း-ဝမ်ယွတ်- ဝမ်တုန်လမ်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ရန်ပုံငွေကျပ်သန်း ၉၈ ဒသမ ၆၉၀ ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် အရှည်ပေ ၃၀၊ အကျယ်ပေ ၂၀ ရှိ ဝမ်ခိုက်-ဟောင်ကျန့်-ဝမ်ကောင်း - ဝမ်တောင်းလမ်းပေါ်ရှိ ပေ ၃၀ ကွန်ကရစ်တံတားတည်ဆောက်ခြင်း (ပထမပိုင်း) လုပ်ငန်းနှင့် ပြည်ထောင်စုအထွေထွေပိုလျှံ GRF ရန်ပုံငွေကျပ် ၁၉၅ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ဝမ်တပ်-နမ့်နေဉ် အပေါ်လမ်းမြေသားချဲ့၍ ကျောက်ရောမြေ ဖြန့်ခင်းခြင်း(၂/၀)မိုင်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

## ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲမှ Junior ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ၊ Tour Pro၊ Senior Pro နှင့် ဝါသနာရှင်အဆင့် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၄ရက်မှ၂၇ရက်အထိ ရေတံခွန်တောင်ဂေါက်ကွင်း(မန္တလေး)တွင်လည်းကောင်း၊ ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့်နှင့် Junior (15-18) ပြိုင်ပွဲများကို မတ် ၉ ရက်မှ ၁၂ ရက်အထိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း) တွင်လည်းကောင်း၊ Tour Pro၊ Senior Pro၊ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲများကို မတ် ၁၆ ရက်မှ ၁၉ ရက်အထိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

Junior အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းများ ပါဝင်မည်ဖြစ်ပြီး ဝါသနာရှင်အဆင့်တွင် အမျိုးသား (H'cap 0-12) အဆင့်နှင့် အမျိုးသမီး (H'cap 0-16) အဆင့်ရှိသူ ကစားသမားများကို ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို R & A Rule Limited နှင့် USGA တို့၏ Rule of Golf 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲစာရင်းပေးသွင်းမှုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုညီလေး**

## သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး အိုးအိမ်များပြင်ဆင်ဆောင်ရွက်ပေး

**ကျိုက်မရော ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်၍ ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာအတွင်းရှိ ကြံ့ခိုင်မှုမရှိသောနေအိမ်များအား မိုးကြိုးကာလလေဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၆ ရက်တွင်စတင်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပိန်းနဲကုန်းကျေးရွာရှိ ကြံ့ခိုင်မှုမရှိသော နေအိမ်များအား ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံစသည့် မြို့နယ်လေးမြို့နယ်မှ ရပ်ကွက် ကိုးခု၊ ကျေးရွာ ခုနစ်ရွာမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော အိမ်ခြေ ၁၆၀၀ ကျော်အား လေပြင်းဒဏ်ခံနိုင်စေရန် အိုးအိမ်များအားဖြည့်ပြင်ဆင်ခြင်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်း ငွေကျပ်သိန်း ၁၇၀၀ ကျော်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ကျိုက်မရော(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီခွဲက မြို့မဈေးရှေ့တွင်ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် နှစ်စီး၊ စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ် တစ်စီးဖြင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်သရုပ်ပြသည်။

စည်သူလင်း(ပြန်/ဆက်)



## ဘားအံမြို့၌ အစားအသောက်များ ရောင်းချမှုစစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှဦးဆောင်ကာ ဘားအံမြို့ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၃ ရက်တွင် ဘားအံမြို့ ကမ်းနားလမ်းမုန့်ဈေးတန်းရှိ အစားအသောက်ရောင်းချသည့်ဆိုင်များကို ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းနှင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘားအံမြို့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ယာယီတာဝန်ခံ ဒေါ်မေသူနွယ်၊ ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးပြည့်စုံနှင့် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များက ကမ်းနားလမ်းမုန့်ဈေးတန်း၌ အစားအသောက်ရောင်းချသည့်ဆိုင်များရှိ အစားအသောက်နမူနာ ၁၅ မျိုးကို ကျပန်းကောက်ယူ၍ ရွှေ့လျားဓာတ်ခွဲယာဉ်ပေါ်တွင် တားမြစ်ဓာတုပစ္စည်းများ ပါဝင်မှုရှိ/မရှိ Rapid Test Kid ဖြင့် ဓာတ်ခွဲစစ်ဆေးသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့်မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုး ကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံးကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ် ပုံမှန်ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့ မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွှင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ်(သို့မဟုတ်)ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

"ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကောလိယ(၂၀) လမ်း၊ မြေကွက်အမှတ်–၄၃၂(ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့ကို ဒေါ်အိစန္ဒြာဦး[၁၂/အစန(နိုင်)၁၇၉၅၆၀]မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး ပိုင်ဆိုင်လက်ရှိထားခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်၊ အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၁၄)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၀၇၅)**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-254405798, 09-785610847**

## သွာနုတ္တသားအဖြစ်ကြေညာ၍အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)အရှေ့ရပ်ကွက်၊ အောင်သုခ(၂၅)လမ်း၊ အမှတ် (၁၂၆၃)နေ(အဖ) ဦးခင်မောင်အေး၏ သားဖြစ်သူ ဦးမောင်မောင်နိုင် [၁၂/သကတ(နိုင်)၁၇၇၇၉၇]သည် မိခင်ဖြစ်သူ ဒေါ်ကျင်စုအား ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်း၊ ပြန်လည်ပြောဆိုခြင်း၊ မိခင်စကားနားမထောင်သဖြင့် မိခင်ဖြစ်သူ ဒေါ်ကျင်စုမှ သားဖြစ်သူ မောင်မောင်နိုင်အား သွာနုတ္တသားအဖြစ်ကြေညာ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဒေါ်ကျင်စုနှင့် မည်သို့မျှ မပတ်သက်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်စု [၁၂/သကတ(နိုင်)၀၇၉၁၉၂](အဖ) ဦးအုံကြီး၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြမြဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၀၃၂၃)(၁၈–၁၀–၉၄)**
**အမှတ်(၁၀၈၀/က)၊ ဇေယျာမြိုင်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။ ဖုန်း–၀၉–၄၂၁၀၃၇၈၂၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက် ၊ အကွက်အမှတ်(ဆဆ–၂)၊ ဦးပိုင်အမှတ်–၇ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်း/ ၅၈လမ်း၊ ၁၀၆x၁၀၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းစိုးဦး [၉/နထက(နိုင်)၁၄၇၀၅၁]၊ ဒေါ်စပယ်ဝင်း [၅/ဝသန(နိုင်)၀၄၀၁၈၁]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၅၅)၊ ဦးပိုင်အမှတ်–(၂၂–က)/၃၈–Cလမ်း၊ ၅၃x၅၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးမနတ်(ခ)စိုးမင်းအောင် [၅/တမန(နိုင်)၀၅၃၉၈၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ရပ်ကွက်၊ အကွက်အမှတ်(တ–၇/ဈ)၊ ဦးပိုင်အမှတ်–၁၅/၁၀၁ Bနှင့် ၁၀၂ A လမ်းကြား၊ ၇၀x၇၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးချုပ်ပြည့်စုံ(ငြိမ်း) (MTA–၀၄၀၇၉၆)၊ [၇/ပတတ(နိုင်)၀၄၃၉၅၀]ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၈၀/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးဟန် [၁၃/တကန(နိုင်) ၀၅၀၄၄၁] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပြုလုပ်ထားသော ၁၅–၉–၂၀၂၂ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ်–၁၆၈၉၂ဖြင့် ဦးဖြိုးဝေမြင့်[၇/တငန(နိုင်)၁၃၅၆၃၅]နှင့် ဒေါ်ချစ်စုကြည်လတ်[၁၂/ဒဂမ(နိုင်)၀၂၃၀၂၆]တို့မှ အထွေထွေ မန်နေဂျာ၊ မြန်မာနိုင်ငံသားများဘဏ်သို့ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားရှိခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံသားများဘဏ်တွင် အိမ်ရာချေးငွေကိစ္စ ပြေကျေပြီးဖြစ်ပါသဖြင့် ၁၅–၉–၂၀၂၂ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၁၆၈၉၂အား ဤကြော်ငြာပါသည့်ရက်မှစ၍ တရားဝင် ပြန်လည် ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်ဝေမြင့် B.A (Eng), PGDL**
**အထက်တန်းရှေ့နေ (စဉ်–၅၅၈၅၇)**
**ဖုန်း – ၀၉–၇၅၅ ၇၅၆ ၈၈၄**
**ရုံး – အမှတ်(၂၁၈)၊ The Century Condo Tower(D)၊ အခန်း(၂၃၀၆)၊ အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (ရွှေပေါက်ကံ/၁၂)၊ လူနေရပ်ကွက် အမှတ်(၁၂)၊ အောင်ပန်းဝေလမ်းနှင့် အောင်သစ္စာလမ်းထောင့်၊ မြေကွက်အမှတ် (၂၆၇) ဟုခေါ်တွင်သည့် မြေအကျယ်အလျား (၄၀) ပေ x အနံ (၆၀) ပေရှိ ပါမစ်မြေကွက်ကြီးထဲမှ တရားဝင် ခွဲခြမ်းစိတ်ဖြာခြင်းမပြုရသေးသည့် အောင်ပန်းဝေလမ်းနှင့် အောင်သစ္စာလမ်းထောင့်ဘက် အခြမ်း မြေအကျယ် အလျား (၂၀)ပေ x အနံ (၆၀)ပေ ရှိ ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် (၁) လုံး၊ အဆောင်လိုင်းခန်း (၅)ခန်း၊ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝင်းဝင်းမော် [၁၂/ဥကမ(နိုင်)၀၈၄၂၀၃]မှ အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသန်းညွှန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၉၂၆)**
**အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အခန်း (၃၃)၊ ပထမထပ်၊ STRAND CONDO ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉– ၄၅၀၀၂၅၇၀၂**

## "အများသိစေရန် အသိပေးကြေညာခြင်း"

တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၆–လမ်း၊ ရွှေဥဒေါင်းမင်းကွန်ဒို၊ အမှတ်(၂၇)၊ အခန်း(၆၀၁)နေ ဒေါ်ယမင်းစုလှိုင်၊ မှတ်ပုံတင်အမှတ် [၇/ပခန(နိုင်) ၄၈၈၅၆၆]ကိုင်ဆောင်သူနှင့် အများသိစေရန် ကျွန်တော်တို့၏မိတ်ဆွေဖြစ်သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ပေမဝန်လမ်း၊ အမှတ်(၈၈၄)နေ ဦးချစ်ကိုကိုအောင် [၁၂/ဒဂတ(နိုင်)၁၁၄၄၅၁] ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးချစ်ကိုကိုအောင်နှင့် လူကြီးမင်း ဒေါ်ယမင်းစုလှိုင်တို့သည်(၉–၉–၂၀၂၅) ရက်စွဲပါ "နှစ်ဦးသဘောတူ လယ်ယာမြေအပြီးအပိုင် အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆို၍ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ သနပ္ပင်ကျေးရွာ၊ ဖါးရုံချောင်းကွင်း အမှတ်(၆၈၇)၊ ဦးပိုင်အမှတ်(၄၇/က) မှ (၂.၄၄)ကေ၊ ဦးပိုင်အမှတ် (၄၇/ခ–၁)မှ (၁)ကေ၊ အမှတ်(၂)လမ်းမကြီး မျက်နှာမေးတင်(၁)ကေ တိတိကို ချန်လှပ်ပြီး (၃.၄၄)ကေကို အရောင်းအဝယ်ပြုလုပ်ခဲ့ကြပြီး၊ အဆိုပါ အရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ (၂၅–၁၂–၂၀၂၅)ရက်နေ့တွင် သိန်း(၂၀၀၀) ပေးချေရန် သဘောတူသတ်မှတ်ခဲ့သော်လည်း ထိုနေ့ရက်တွင် ဝယ်ယူသူ ဒေါ်ယမင်းစုလှိုင်မှ အဆိုပါ ငွေကျပ်သိန်း (၂၀၀၀)ကို ပေးချေရန် ယနေ့ချိန်ထိ ပျက်ကွက်နေပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးချစ်ကိုကိုအောင်မှလည်း ညှိနှိုင်းဖြေရှင်းရန်အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း အဆင်ပြေခြင်းမရှိပါသို့ဖြစ်ပါ၍(၉–၉–၂၀၂၅) ရက်စွဲပါ "နှစ်ဦးသဘောတူ လယ်ယာမြေအပြီးအပိုင် အရောင်းအဝယ်စရန်ပေး ကတိစာချုပ် အပိုဒ်(၄)ပါ ဖော်ပြချက်အရ ဝယ်ယူသူမှ ပျက်ကွက်ပါက ပေးချေထားသည့်စရန်ငွေများ ဆုံးရှုံးခံရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် သဘောတူညီကြပါသည်" ဟု သဘောတူညီချက်အရ ပေးထားသော စရန်ငွေများအားလုံး ဆုံးရှုံးပြီဖြစ်သောကြောင့် အဆိုပါ (၉–၉–၂၀၂၅)ရက်စွဲပါ ကတိစာချုပ်သည်လည်း ပျက်ပြယ်သည်ဖြစ်ပါကြောင်း ဒေါ်ယမင်းစုလှိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးချစ်ကိုကိုအောင် [၁၂/ဒဂတ(နိုင်)၁၁၄၄၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှရွှေ LL.B, H.G.P — ဦးမြတ်သန်းဦး B.A (Eco), H.G.P, D.A (1)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၂၆၄) အထက်တန်းရှေ့နေ (စဉ်–၁၀၂၂၀)**
**အမှတ်(၁၁၉/A)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**09-262752625**

## အများသိစေရန်ကြေညာချက်

ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်( ၃၂၈/၃၃၂ )နှင့် လမ်း(၅၀)ထောင့်၊ အမှတ်(၅/၇) အနောက်ရယ်ရှိအဆောက်အအုံ၏ မူလနေထိုင်သူ ဦးခင်ငွေ၊ ဒေါ်ချိုမာဦးအမည်ဖြင့်မှတ်သားထားသည့် ပထမထပ်အခန်းအမှတ်(၇)တွင် ဦးခင်ငွေကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူဒေါ်ချိုမာဦးမှ ၎င်းတစ်ဦးတည်းအမည်သို့ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ( ၀.၀၅၅ )ဧကရှိ ဒေါ်မြဝင်း မှတ်ပုံတင်အမှတ်[၁၂/ဒပန(နိုင်) ၀၀၆၆၂၃] အဖအမည် ဦးမှတ်ကြီး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ.၃၃၉၅၁)ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၈၁၀/၂၀၂၂)(၁၁–၇–၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဇော်ဝင်းလေး မှတ်ပုံတင်အမှတ် [၈/ဆမန(နိုင်)၀၀၁၂၈၉] အဖအမည် ဦးချစ်မောင်မှ ဒေါ်မြနှင်းနွယ် မှတ်ပုံတင်အမှတ် [၈/တတက(နိုင်)၁၀၄၇၀၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၇)၊ ဦးပိုင်အမှတ် (၁၀၃)၊ ၇၇လမ်း၊ ၂၈x၂၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ကြည်(ခ) ရဲချို [၁၃/နခန(နိုင်)၀၃၅၆၆၈] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၇၈)၊ ဦးပိုင်အမှတ်(၈၁–က)/ ၃၈x၃၉–လမ်းကြား၊ ၈၆x၈၇လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဦးမန်းမောင် [၅/မလန(နိုင်) ၀၀၄၃၄၃]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၇)၊ ဦးပိုင်အမှတ်(၁၀၅)/ ၇၇လမ်း၊ ၂၈x၂၉ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ကြည်(ခ) ရဲချို [၁၃/နခန(နိုင်)၀၃၅၆၆၈] က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေး**
**သည်**
**အသက်**

## ရခိုင်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း

## နှစ်ပတ်လည်စုံညီ အစည်းအဝေး ဖိတ်ကြားခြင်း

ရခိုင်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စုံညီ အစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း တက်ရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်–

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | – ၈–၃–၂၀၂၆(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | – နံနက် (၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| ကျင်းပမည့်အကြောင်းအရာ | – နှစ်ပတ်လည်အသင်းသားစုံညီ နှင့် ရွေးချယ်တင်မြှောက်ခြင်း |
| ကျင်းပမည့်နေရာ | – မြန်မာနိုင်ငံဆောက်လုပ်ရေး ဆိုင်ရာလုပ်ငန်းရှင်များအသင်း ရုံးချုပ် (MCEF)၊ သံသုမာလမ်း နှင့် ဝေဇယန္တာလမ်းထောင့်၊ ရန်ကုန်မြို့ |

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ရခိုင်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၅၀)၊ ဗေဒါလမ်း၊ မြေကွက်အမှတ်(၉၈)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတွင် ဒေါ်လှလှခင် [၁၂/လသန(နိုင်)၀၀၈၆၉၃] အမည်ပေါက် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၁)ထပ်အိမ်(၂)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းမရှိ၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဒေါ်လှလှခင် [၁၂/လသန(နိုင်)၀၀၈၆၉၃]မှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်သန်းညွန့် [၉/ပမန(နိုင်)၁၃၅၁၃၇]မှ အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခန့်သွေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၀၅၃)**
**အမှတ်–၁၄၅၂၊ ဗိုလ်လင်းယုန်လမ်း၊ ၁၃–ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၅၁၆၉၃၂၆၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊(၂)လမ်းသွယ်(၁)လမ်း၊ အမှတ်(၄၅)ရှိ (၁၂ပေခွဲx ၅၀ပေ) ရှိ(၅)ထပ်၊ (၂)ခန်းတွဲ ဆောက်လုပ်ထားသည့် (ငါး)ထပ်၊ (ခြေရင်း) ခန်းတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးညဏ်လင်းအောင်[၁၂/မရက(နိုင်)၁၅၀၉၆၉] နှင့် ဒေါ်နော်မေမီသက် [၃/ကတရ(နိုင်) ၁၇၁၂၄၆] ထံမှ ကျွန်တော် ဦးမင်းခန့်စံ [၁၁/ကတလ(နိုင်) ၀၀၆၇၉၉]နှင့် ကျွန်မ ဒေါ်ငြိမ်းငြိမ်းဖြိုး [၁၁/သတန(နိုင်)၀၇၄၄၀၉]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်တော်/ကျွန်မတို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းခန့်စံ+ဒေါ်ငြိမ်းငြိမ်းဖြိုး**
**ဖုန်း–၀၉–၂၅၀၃၂၂၀၉၉၊ ၀၉–၄၂၁၇၅၆၉၂၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၃)၊ ဦးပိုင်အမှတ်–၈ခဲစင်းမြောက်ခြမ်း/ ၉၁Aလမ်း၊ ၃၀x၃၁ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးလှမောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၃၇၆/၂၀၁၈)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်အေးအေးခိုင် (ခ) ဒေါ်ချို [၉/မနတ(နိုင်)၀၄၉၈၄၉]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၆၆/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်သင်း [၅/အရတ(နိုင်)၀၈၆၆၅၄] က အမည်ပေါက်မြေပုံ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ–၁၃)၊ ဦးပိုင်အမှတ် (၇၃–ခ/၅၄x၅၅)လမ်းကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၂၆၄၇/၉၁–၉၂) အရ ဒေါ်ရွှေအေး မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်)၀၂၈၃၁၅] အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန်၊ ဒေါ်ရွှေအေး မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်)၀၂၈၃၁၅]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဟိန်းစိုး [၉/မခန(နိုင်)၂၇၇၅၈၈] နှင့် ဒေါ်အေးချမ်းလွင် [၁၂/ဒဂတ(နိုင်)၁၁၉၁၀၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဟိန်းစိုး [၉/မခန(နိုင်)၂၇၇၅၈၈] နှင့် ဒေါ်အေးချမ်းလွင် [၁၂/ဒဂတ(နိုင်)၁၁၉၁၀၁] တို့သည် "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၈)ရပ်ကွက်၊ ဆရာစံ(၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–(၆၈)၊ မြေကွက် အမှတ်–(၅၉၀)ဟုခေါ်တွင်သော အကျယ် (၄၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်ကြီးအနက်မှ (ခြေရင်းဘက်ခြမ်း)၊ အကျယ် (၂၀x၆၀)ပေရှိ မြေကွက်(၁)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး" တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်အေးဆင့် [၁၂/သဃက(နိုင်)၁၂၆၅၂၇]ထံမှ တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိပြီးဖြစ်ပါသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဟိန်းစိုး [၉/မခန(နိုင်)၂၇၇၅၈၈] နှင့် ဒေါ် အေးချမ်းလွင် [၁၂/ဒဂတ(နိုင်)၁၁၉၁၀၁] တို့သာလျှင် အထက်ပါမြေကွက်၏ ပိုင်ရှင်များဖြစ်ပြီး ဦးဟိန်းစိုးနှင့် ဒေါ်အေးချမ်းလွင်တို့သာလျှင် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသန္တာသိန်း (LL.B) (စဉ်–၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဉ်–၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (ဠ–၁၅ )၊ ဦးပိုင်အမှတ် (၄၀)၊ ၁၁၇x၁၁၈ ကြား၊ ၇၃x၇၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စိုး [၉/မနမ(နိုင်) ၀၉၆၅၀၅]ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၇၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲထွဋ်နိုင်[၁၃/နဆန(နိုင်)၀၆၁၂၂၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ–၂၀ )၊ ဦးပိုင်အမှတ်(၇၂)၊ ၅၁x၅၂ ကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ တသ–ဝင်းအောင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးဇော်လင်းက တရားပြိုင် တပ်သား–ဝင်းအောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးအမှုအမှတ် (၁၂၇/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဇော်လင်း [၅/အရတ(နိုင်)၀၅၄၃၈၁]က တောဂရန်၊တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

